# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ မေ ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၂၂၉)


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၊ အကျိုးတော်ဆောင်ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ) မှ ဆရာတော်ကြီးများက (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲ ဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှုအားပေးချီးမြှောက်

ရန်ကုန် မေ ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်)နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ)မှ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ(သံဖြူဇရပ်)၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလ (ပြည်)နှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ဓမ္မကထိကဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တ တေဇောသာရာဘိဝံသ (မိုးကုတ်) ဆရာတော်ကြီးတို့သည် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့


စာမျက်နှာ ၄ ကော်လံ ၁ ◆




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၊ အကျိုးတော်ဆောင်ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ) မှ ဆရာတော်ကြီးများက (၇၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲ ဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှုအားပေးချီးမြှောက်စဉ်။ သတင်းစဉ်

## ယနေ့မာတိကာ


၂၀၂၁ - မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့် အသိပေးကြေညာချက် — ပြည်တွင်းသတင်း စာမျက်နှာ - ၃

မီးလျှံထဲက ဘဝတစ်ခု — ဆောင်းပါး စာမျက်နှာ - ၆

စုစည်းစွမ်းအားဖြင့် အောင်မြင်မှု လှေကားများဆီ တက်လှမ်းခြင်း — ဆောင်းပါး စာမျက်နှာ - ၉


## လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် မေ ၂၂ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့အလင်း

## ထူးခြားသည့် နေ့အပူချိန်များ

၁၉-၅-၂၀၂၁

| | | | | | |
|---|---|---|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် | မကွေးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် | အောင်လံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် | ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်းမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |


မြန်မာပြည်၏ အကြီးဆုံး ဆောက်လုပ်ရေးသုံးပစ္စည်းများ တနေရာထဲမှာရရှိနိုင်မည်

5 Mile

ရန်ကုန်၊ မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၅)လမ်းမပေါ်တွင်တည်ရှိသော

Construction Material Park & Logistic Hub

■ စရန်(၅၀)% ကျန်(၅၀)%ကို(၂.၅)% X လ (၂၀)ပေးသွင်းရမည်။Bank Transfer လက်ခံသည်

Sale Agent E-House Tel: 09 777 999 111 / 222

Discount 20% Off

(၁) ဧက 2500 သိန်းခန့်

Promotion

Developed By: 5 Mile Industrial Park & Logistic Hub

24 ~ 31 May-2021



မြန်မာ့အလင်း

# ပန်းခင်းသည့် အခွင့်အခါ

လက်ရှိမြန်မာနိုင်ငံ၏ လူဦးရေကို ၅၇ သန်းခန့်ရှိပြီဟု ခန့်မှန်းထားသည်။ လူဦးရေသည် နှစ်စဉ်တိုးလာနေသည်ဟု ဆိုသော်ငြားလည်း မွေးဖွားလာသူများ၊ သေဆုံးသွားသူများနှင့် ကိန်းဂဏန်းအပြောင်းအလဲများက အချိန်တိုင်းမှာ ရှိနေသည်။ ထို့အပြင် လူဆိုသည်မှာ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းတတ်ကြသည့် သဘောအရလည်းကောင်း၊ တာဝန်အရ ဒေသရွှေ့ပြောင်းထမ်းဆောင်ကြရခြင်းကြောင့် လည်းကောင်း ဇာတိဒေသ သို့မဟုတ် မူလနေထိုင်ရာနေရာတို့မှ ရွှေ့ပြောင်းကြသည်။ လူတစ်ဦးအနေဖြင့် မွေးဖွားလာချိန်တွင် မွေးစာရင်းတစ်ခုကို ရယူကာ အရွယ်ရောက်လာချိန်တွင် နိုင်ငံသားတစ်ဦးအနေဖြင့် ကိုင်ဆောင်ရမည့် အသိအမှတ်ပြုကတ်ပြားတစ်ခုခုကို ကိုင်ဆောင်ကြရမည်ဖြစ်ပြီး အိမ်ထောင်စုတစ်ခုအနေဖြင့်မူ အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုကို ထာဝစဉ်ကိုင်ဆောင်ထားကြရသည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့သည် မိသားစုတစ်စုနှင့် လူတစ်ဦးအတွက် အသိအမှတ်ပြုသက်သေခံအထောက်အထားပင်ဖြစ်သည်။ ယင်းသက်သေခံအထောက်အထားများက အရာဌာနကိစ္စများစွာတွင် အရေးပါသည်။ သို့ရာတွင် မိမိတို့နိုင်ငံအတွင်း အဆိုပါသက်သေခံအထောက်အထား တစ်စုံတစ်ရာကို ဘာတစ်ခုမှ ကိုင်ဆောင်ထားခြင်းမရှိသူများ သန်းနှင့်ချီ၍ ရှိနေသည်။ ယင်းသို့ အထောက်အထားတစ်စုံတစ်ရာမရှိသူများမှာ ၎င်းတို့အတွက် ထိခိုက်နစ်နာမှုများလည်း များစွာရှိနေသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့် လူဦးရေ ၄ ဒသမ ၆ သန်းကျော်ရှိခဲ့ရာ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် လိုအပ်လာသည်။

မြန်မာနိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ပေးမည့် ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ ၃ ဒသမ ၈ သန်းကျော်ကို ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိရေး ဆောင်ရွက်ပေးသွားမှာလည်း ဖြစ်သည်။ ပန်းခင်းစီမံချက်အရ - (၁) လက်ရှိဇာတိမြေတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၂) လက်ရှိ ဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေ စာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၃) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၄) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်သည်။

စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းက သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ရန် အခက်အခဲရှိသူ၊ ရုံးဌာနများသို့ ဝင်ထွက်သွားလာရန် မဝံ့ရဲသူတို့အတွက် လွန်စွာလွယ်ကူမြန်ဆန်စေမည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း အိမ်ထောင်စုလူဦးရေစာရင်းသည်လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်သည်လည်းကောင်း အိမ်ထောင်စုတိုင်း၊ လူတိုင်းအတွက် တစ်ဘဝတာအရေးပါအရေးကြီးသည်ကို အလေးအနက်သိမြင်ကြပြီး အခွင့်သာခိုက် ပူးပေါင်းဆောင်ရွက်ကာ ရယူနိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပညာရေးဝန်ကြီးဌာန "၂၀၂၁-၂၀၂၂ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျတပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ(Face Shield) တပ်ဆင်ရန်။
- ❖ လက်ကိုရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

# ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာကို ၁၀ အမ်ဗွီအေ ထရန်စဖော်မာသို့ ဝန်အားတိုးမြှင့်

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ၃၃ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာကို ၁၀ အမ်ဗွီအေ ထရန်စဖော်မာသို့ ဝန်အားတိုးမြှင့်ခြင်းလုပ်ငန်းများကို ယနေ့ ညနေပိုင်းတွင် ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာ၊ ဒုတိယခရိုင်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာတို့မှ ဦးဆောင်၍ လျှပ်စစ်လိုင်းဝန်ထမ်းများက ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လဲလှယ်တပ်ဆင်ခြင်းကြောင့် ပြင်ဦးလွင်မြို့နယ် ဝက်ဝံ၊ ဈေးကုန်း၊ မြိုင်ကြီး၊ ပိတ်ချင်းမြောင်၊ ပင်တီး၊ ပါအယ်မှိုင်းလုံးကျေးရွာများနှင့် နောင်ချို မြို့နယ်အတွင်း ကျေးရွာအချို့ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည်

ပြည်သူများအသိပညာမြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန်လိုအပ်ပြီး “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟု ပညာရေးဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေးစိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်



**နေပြည်တော် မေ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သား၊ သမီးများအနက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စာမေးပွဲတွင်ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့်အထက် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပညာသင်ထောက်ပံ့ကြေးအဖြစ် ပေးအပ်**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား၊ သမီးများ၊ ကျောင်းသား၊ ကျောင်းသူများအနက်မှ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၇၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၃၂ ဦး၊ စုစုပေါင်း ဂုဏ်ထူးရှင် ၆၄၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၄၅၀ တို့ဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုစာသင်နှစ်အတွက် ကျပ်သိန်းပေါင်း နှစ်ထောင့်ခြောက်ရာသုံးသိန်းငါးသောင်းကျပ်တိတိ အား ပညာသင်ထောက်ပံ့ကြေးအဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၁ – မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့် အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို ဘဏ်စတင်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြေကျေစွာ ပေးဆပ်ပြီးနောက် ချေးငွေသစ် ထပ်မံရယူခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ကာလရှည်ကြာစွာ အတူလက်တွဲဆောင်ရွက်ခဲ့ကြပါသည်။

၂။ COVID-19 ကပ်ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် ၂၀၂၀-မိုးရာသီ ချေးငွေပေးဆပ်ရန် ငွေကြေးအခက်အခဲများရှိနေသည့် တောင်သူများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ ၂၀၂၀- မိုးချေးငွေ နောက်ဆုံးပေးဆပ်ရန် ကာလသတ်မှတ်ချက်ကို **၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့အစား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့ထိ တိုးမြှင့်ပြင်ဆင် ဖြေလျှော့ပေးထားပြီး ဖြစ်ပါသည်။**

၃။ ယခုအခါ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၆-၅-၂၀၂၁ ရက်နေ့မှစ၍ ၃၀-၉-၂၀၂၁ ရက်နေ့အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် ထုတ်ချေးပေးမည်ဖြစ်ပါသဖြင့် ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားဦးကြီးများအနေဖြင့် ချေးငွေဟောင်းပြေကျေအောင် ပေးဆပ်ပြီး ၂၀၂၁-မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/ မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

## စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀ (က) (၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူများထံမှ တစ်ပါတည်း ကောက်ခံပေးရန်တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ထိုကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ စားသောက်ဆိုင်များတွင် စားသုံးသူများအနေဖြင့် စားသောက်ဆိုင်သို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်ထားသော ပြေစာကိုတောင်းယူခြင်းဖြင့် လည်းကောင်း၊ စားသောက်ဆိုင်များကလည်း စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကိုသာ ထုတ်ပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်**

နေပြည်တော် မေ ၁၉- နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

◆ *ရွှေဖုံးမှ*

မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှုအားပေးချီးမြှောက်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ သာသနဓဇအာဇာနည် ရွေးချယ်ပွဲကြီးကို ၁၃၁၀ ပြည့်နှစ်၊ ပထမအကြိမ်မှစတင်၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ ယခု ၁၃၈၃ ခုနှစ်တွင် (၇၃)ကြိမ်မြောက်တိုင် ရောက်ရှိခဲ့သည်။ ကျင်းပပြီးစီးခဲ့သော (၇၂)ကြိမ်မြောက် စာမေးပွဲကြီးအထိ ၇၂ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်မြတ်ကြီး ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံအာဂုံဆောင် သာသနဓဇအာဇာနည် အရှင်မြတ်ကြီး ၇ ပါးတို့ ပေါ်ထွန်းခဲ့ပြီဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် သာသနာတော်ကြီး၏ ရေသောက်မြစ်ရှင်သန်အောင် ပြုစုရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**၇၂ ပါး ဝင်ရောက်ဖြေဆို**

ယနေ့ကျင်းပသည့် (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲသို့ အဘိဓမ္မာ(ရှေ့ပိုင်း) စာဖြေသံဃာ ၆ ပါး၊ ဒီဃနိကာယ် စာဖြေသံဃာ ၂၄ ပါး၊ ဝိနည်း(နောက်ပိုင်း) စာဖြေသံဃာ ၄၂ ပါး၊ စုစုပေါင်းစာဖြေသံဃာ ၇၂ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

**၅ ရက်တိုင်တိုင် ကျင်းပသွားမည်**

အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၁၇၁ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၉

**ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review– UPR) လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



**UPR လုပ်ငန်းအဖွဲ့သို့ ပေးပို့**

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အကြံပြုချက် ၁၈၉ ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို လာမည့် ဇွန်လအတွင်း UPR လုပ်ငန်းအဖွဲ့သို့ပေးပို့ရမည် ဖြစ်ပါကြောင်း၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက လက်တွေ့ ဆောင်ရွက်နေမှုကို အခြေခံ၍ သုံးသပ်ဆွေးနွေးကြရန် ဖြစ်ကြောင်း၊ အကြံပြုချက်အချို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှုခံယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံသည် UPR ပထမအကျော့ အစီရင်ခံစာကို ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဒုတိယအကျော့ အစီရင်ခံစာကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း တင်သွင်းခဲ့ပါကြောင်း၊ တတိယအကျော့အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် တင်သွင်းရန် အလှည့်ကျခဲ့သဖြင့် အစီရင်ခံစာ တင်သွင်းနိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်၍ ရေးသားပြုစုခဲ့ပါကြောင်း၊ အဆိုပါအစီရင်ခံစာကို ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review– UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မတီ၏ အတည်ပြုချက်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် ရုံးမှတစ်ဆင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)သို့ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် သတ်မှတ်ရက်အတွင်း ပေးပို့ခဲ့ပါကြောင်း၊ တတိယအကျော့အစီရင်ခံစာအပေါ် UPR လုပ်ငန်းအဖွဲ့၏ (၃၇)ကြိမ်မြောက် အစည်းအဝေး ကာလအတွင်း ၂၅-၁-၂၀၂၁ ရက်နေ့တွင် သုံးသပ်မှုခံယူခဲ့ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၀၆ နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အကြံပြုချက် ၃၅၄ ချက်ကို အကြံပြုခဲ့ကြပါကြောင်း၊ အကြံပြုချက် ၃၅၄ ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ၂၇-၁-၂၀၂၁ ရက်နေ့တွင် ပြန်ကြားခဲ့ရာ အကြံပြုချက် ၁၁၉ ချက်အပေါ် လက်ခံသည်ဟူ၍ လည်းကောင်း၊ အကြံပြုချက် ၄၆ ချက်အပေါ် မှတ်သားထားသည်ဟူ၍ လည်းကောင်း၊ အကြံပြုချက် ၁၈၉ ချက်အပေါ် စိစစ်ပြန်ကြားမည်ဟူ၍ လည်းကောင်း ပြန်ကြားခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ပြန်ကြားရန်ကျန်ရှိသည့် အကြံပြုချက် ၁၈၉ ချက်ကို သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ လက်ခံရန် သင့်မသင့် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၂/ ၂၀၂၁) ဖွင့်လှစ်

**နေပြည်တော် မေ ၁၉**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ အခြေခံလေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် သင်တန်းသား၊ သင်တန်းသူ ၄၆ ဦး တက်ရောက်ခဲ့ကြသည်။

**ကျေပွန်စွာ ထမ်းဆောင်**

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများသည် ကော်မရှင်အတွက် အင်သစ်အားသစ်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးနိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်လိုအပ်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ရန် ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ခံယူချက်မှန်ကန်ရန်လိုအပ်ကြောင်း၊ ဌာန၏ ရည်မှန်းချက်၊ တာဝန်နှင့် ကျင့်ဝတ်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြင့်မားလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအား ပေးအပ်သည့် တာဝန်ကို ကြိုးကြပ်မှုအနည်းဆုံးနှင့် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ကြောင်း၊ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ကျင့်ဝတ်တွင် ဖော်ပြထားသည့် အခြေခံမူ (၆) ချက်ကို လိုက်နာကြရမည် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများသည် အတွေ့အကြုံရှိသည့် ဝန်ထမ်းများဖြစ်သဖြင့် မိမိကိုယ်ကို ကျန်းမာစွာနေထိုင်၍ စိတ်ရောကိုယ်ပါ ကြံ့ခိုင်၊ ကျန်းမာ၊ ကျွမ်းကျင်စွာဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများအဖြစ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အခြေခံလေ့ကျင့်ရေး သင်တန်းကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ၄ ပါတ်/ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ ကော်မရှင်ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်မည့်အစီအမံများရှင်းလင်း

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး "ပန်းခင်းစီမံချက်"ဖြင့် ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြခြင်းကို မေ ၁၇ ရက်က တောင်ကြီးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများကို ဥပဒေနှင့်အညီ အိမ်ထောင်စု၊ လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး "ပန်းခင်းစီမံချက်"ဖြင့် စစ်ဆင်ရေး တစ်ရပ်အသွင်ဆောင်ရွက်ထုတ်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့သည့်အတွက် "ပန်းခင်းစီမံချက်" ကို ၂၀၂၁ခုနှစ် မေ ၃ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ၁၈ လကြာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးက ကြီးကြပ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့်လည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသကြီးများ၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များကလည်း လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ဦးစီးမှူး ဦးအောင်မြင့်က ဆွေးနွေးတင်ပြ၍ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**



## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သံလွင်တံတား(မော်လမြိုင်) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မေ ၁၉**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင်ဦးအောင်ကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က မော်လမြိုင်မြို့ သံလွင်တံတား (မော်လမြိုင်) ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄) (မော်လမြိုင်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သံလွင်တံတား (မော်လမြိုင်) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၉၅ ဒသမ ၀၀၀ ဖြင့် ပြည်နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဖြူဘ- သဲအိမ်- မုတ္တမလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် အသိပညာပေးဆွေးနွေး

**ရွာငံ မေ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် အသိပညာပေးဆွေးနွေးပွဲကို မေ ၁၇ ရက်က ကျောက်ကူပြင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တို့ကို ပြည်သူများသို့ ချပြရှင်းလင်းပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေခံသည့် စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုး၊ မြေ၊ ရေ၊ နည်းပညာဆိုင်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ခေတ်မီစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသောတောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မီးလျှံထဲက ဘဝတစ်ခု

*စာချစ်သူ*

ယခုရက်ပိုင်းအတွင်း မီးလောင်မှုဖြစ်စဉ်တွေ ဆက်တိုက်နီးပါးဖြစ်ပွားနေတာ မြင်ရ ကြားရတော့ အတော့်ကို စိတ်လက်မချမ်းမသာဖြစ်ရတယ်ဗျာ။ အချို့သော စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ရုံးတွေရဲ့ မီးလောင်ကျွမ်းမှုဖြစ်စဉ်များဟာ ပေါ့ဆမီးမဟုတ်ဘဲ မသမာသူတွေရဲ့ လက်ချက် ရှို့မီးဆိုရင်တော့ လုံ့လပယောဂ အားထုတ်သူအဖို့ ပစ္စုပ္ပန်သာမက နောင်သံသရာအတွက်ပါ အတော့်ကို အပြစ်ကြီးတယ်လို့ပဲဆိုရမယ်။ ကျွန်တော်တို့ဟာ ကံ၊ ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ ဖြစ်တာမို့ အဲဒီလိုပဲ ယုံကြည်ယူဆမိကြောင်းပါ။

သာဓကအကိုးအကားအနေနဲ့ပြရရင် **“တရားတော်ကိုသိရာ သိကြောင်း၊ နိဗ္ဗာန်၏ လမ်းကြောင်း တရားတော်များ စုပေါင်းထားသောကျမ်း”** လို့ အဓိပ္ပာယ်ရတဲ့ ဓမ္မပဒ ဒဏ္ဍဝဂ်လာ စပါးကြီးမြွေ ပြိတ္တာဝတ္ထုကိုပဲ သာဓကပြရမှာပါပဲ။

အခါတစ်ပါးမှာ အရှင်မဟာမောဂ္ဂလန် အရှင်မြတ်ကြီးဟာ လက္ခဏ မထေရ်နဲ့အတူ ဂိဇ္ဈကုဋ်တောင်က အဆင်းမှာ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ဦးခေါင်းမှ အမြီးဖျားအထိ အပြန်ပြန်အလှန်လှန် မီးလျှံတွေထတောက်လောင်နေတဲ့ အလွန်ကြီးမားလှတဲ့ စပါးကြီးမြွေပြိတ္တာကြီးကို မြင်တော်မူခဲ့တယ်။

**မြွေပြိတ္တာအား အကြောင်းပြုဟောကြား**

မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန် ကျောင်းတော်ရောက်တဲ့အခါ မမြင်စဖူး ထူးကဲလှတဲ့ ထိုအတ္တဘောမြင်ကွင်းအကြောင်း လျှောက်တင်ကြရာမှာ အထ ပါပါနိ ကမ္မာနိ အစရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားရှင်ဟာ ထိုစပါးကြီးမြွေပြိတ္တာအား အကြောင်းပြုဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်ကို ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သူ သုမင်္ဂလအမည်ရှိ ကျောင်းဒကာ သူဌေးကြီးတစ်ဦးရှိခဲ့တယ်။ တစ်နေ့ သူဌေးကြီးဟာ မနက်စောစောဘုရားရှင်ထံ သွားရောက်ဖူးမြော်ဖို့အထွက် မြို့တံခါးအနီးက ဇရပ်တစ်ခုမှာ ခိုးသူတစ်ဦးဟာ ခြေထောက်မှာ ရွှံ့ညွန်အလိမ်းလိမ်းနဲ့ ခေါင်းမြီးခြုံပြီး အိပ်နေတာကို မြင်လိုက်တယ်။ ဤသူကား ညဉ့်၌ သွားလာလှည့်လည်၍ အိပ်သောသူဖြစ်လတ္တံ့လို့ ဆိုလိုက်မိတယ်။

ခိုးသူက မျက်နှာကို ဖွင့်ကြည့်ပြီး သူဌေးကြီးကို ရန်ငြိုးဖွဲ့ကာ သူဌေးကြီးပိုင်လယ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်တယ်။ နွားခြံက နွားတွေကို ခုနစ်ကြိမ်တိုင်တိုင် ခုတ်ဖြတ်တယ်။ အိမ်ကိုလည်း ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်ပြန်တယ်။

အမျက်ဒေါသ မပြေပြန်တော့ သူဌေးကြီးရဲ့ အလုပ်သမားကို မိတ်ဖွဲ့ပြီး သူဌေးကြီး နှစ်သက်မြတ်နိုးအပ်တဲ့အရာကို စုံစမ်းမေးမြန်းတယ်။ သူဌေးကြီးဟာ မြတ်စွာဘုရားရှင်ကို ဆောက်လုပ်လှူဒါန်းထားတဲ့ ဂန္ဓကုဋီကျောင်းတော်ကြီးကို လွန်စွာနှစ်သက်မြတ်နိုးမှန်းသိရတော့ ကျောင်းတော်ကို သွားပြီး ဘုရားရှင်ရဲ့ သောက်ရေ၊ သုံးဆောင်ရေအိုးတွေကိုခွဲ၊ နောက်ဆုံး ဂန္ဓကုဋီကျောင်းတော်ကြီးကိုပါ မီးတိုက်လေတယ်။

သူဌေးကြီးဟာ သတင်းကြားလို့ အပြေးအလွှား ရောက်လာခဲ့သော်ငြား အလာကောင်းပေမယ့် အခါနှောင်းသွားတယ်။ မီးလောင်ကျွမ်းနေတဲ့ ဂန္ဓကုဋီ ကျောင်းတော်ကိုပဲ မြင်တွေ့လိုက်ရတော့တယ်။ သို့ပေမယ့် သူဌေးကြီးဟာ သူအလွန်တရာ မြတ်နိုးလှတဲ့ ဂန္ဓကုဋီကျောင်းတော်ကြီး မီးလောင်ကျွမ်းနေတာကို ကြည့်ရှုရင်း ဆံခြည်တစ်ပင်ဖျားမျှ နှလုံးမသာမရှိဘဲ လက်ပမ်းပေါက်ပင် ထခတ်လေတယ်။ အနီးရှိသူတို့က မေးမြန်းတဲ့အခါ မြတ်စွာဘုရားရှင်ရဲ့ ဂန္ဓကုဋီကျောင်းတော်ကို အသစ်တစ်ဖန် ဆောက်လုပ်လှူဒါန်းခွင့် ရလတ္တံ့ဟု နှစ်သက်ဝမ်းမြောက်သောစိတ်ကြောင့်လို့ ဆိုတယ်။

**သတ်ဖို့အထိ ကြံစည်**

ခိုးသူဟာ သူဌေးကြီးရဲ့ စိတ်နှလုံး မသာယာအောင် မလုပ်နိုင်တဲ့အဆုံးမှာ သတ်ဖို့အထိ ကြံစည်ပြီး ပုဆိုးအကြားမှာ ဓားကိုချည်ကာ အခွင့်ကောင်းကို စောင့်ပြီး ချောင်းနေတယ်။

သူဌေးကြီးဟာ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့ကို အလှူကြီးပေးလှူပြီး “ဘုန်းတော်ကြီးမားသော မြတ်စွာဘုရား၊ ယောကျ်ားတစ်ယောက်သည် ခုနစ်ကြိမ်တိုင်တိုင် တပည့်တော်၏ လယ်ကို မီးတိုက်အပ်ပါပြီ၊ ခုနစ်ကြိမ်တိုင်တိုင် နွားခြံ၌ နွားတို့၏ ခြေတို့ကိုခုတ်ဖြတ်ပါပြီ၊ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီး တိုက်အပ်ပါပြီ၊ ယခုအခါ ဂန္ဓကုဋီကိုလည်း ထိုသူသာလျှင် မီးတိုက်သည်ဖြစ်ပါလိမ့်မည် ဘုရား၊ တပည့်တော်သည် ဤအလှူ၌ ရှေးဦးစွာ အလှူအဖို့အမျှကို ထိုယောကျ်ားအား ပေးဝေပါ၏ဘုရား”လို့ လျှောက်တင်လေတယ်။

ထိုသို့လျှောက်တင်သံကို ပွဲခင်းအလယ်မှာ အခွင့်ကောင်းကိုစောင့်ပြီး ချောင်းနေတဲ့ ခိုးသူ ကြားလိုက်ရတဲ့အခါ “ငါပြုအပ်သော အမှုသည် စင်စစ်ဝန်လေးလေစွတကား”ဟု အမြင်မှန်ရပြီး သူဌေးကြီးရဲ့ခြေရင်း၌ ဝပ်ဆင်းလျက် သည်းခံတော်မူပါလို့တောင်းပန်လေတယ်။

သူဌေးကြီးဟာ ပညာရှိသူတော်ကောင်းပီပီ သည်းခံခွင့်လွှတ်သော်ငြား ခိုးသူဟာ သူပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် အဝီစိငရဲမှာ ကာလတာရှည်ကျပြီး ကြွင်းသော အကျိုးအားဖြင့် ယခုအခါ ဂိဇ္ဈကုဋ်တောင်၌ မီးဖြင့်ကျက်သော ဆင်းရဲကိုခံစားရသည့် မြွေပြိတ္တာကြီး လာဖြစ်ခဲ့ရပါတယ်။

**ရှေးကပြုအပ်သော မကောင်းမှုကံ**

ဤသို့လျှင် မြတ်စွာဘုရားရှင်ဟာ ထိုစပါးကြီးမြွေ ပြိတ္တာရဲ့ ရှေးကပြုအပ်သော မကောင်းမှုကံကို မိန့်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ - သူမိုက်တို့မည်သည်ကား ယုတ်မာသော အမှုတို့ကို ပြုကုန်စဉ် မသိတတ်ကြကုန်၊ နောင်အခါ၌ကား မိမိသည် ပြုအပ်သော ကံတို့ဖြင့် လောင်ကျွမ်းကုန်လျက် မိမိသည်ပင်လျှင် မိမိ၏တောမီးနှင့်အတူ ဖြစ်ကြကုန်၏ဟု မိန့်ကြားတော်မူ၍ **“မလိမ္မာသော သူမိုက်သည် ယုတ်မာကုန်သော မကောင်းမှုတို့ကို ပြုလုပ်နိုင်၏။ ထိုသို့ပြုလုပ်နိုင်သော်လည်း ပြုအပ်သော မကောင်းမှု၏ အကျိုးကိုမသိ။ မိမိဥစ္စာ ဖြစ်ကုန်သော မကောင်းမှုတို့ကြောင့် ပညာကင်းသူလူမိုက်သည် မီးလောင်လျက်သာလျှင် ငရဲ၌ ပူပန်ရ၏”** ဟူသည့် အထ ပါပါနိ ကမ္မာနိ အစချီသော ဒေသနာတော်ကို အနုသန္ဓေစပ် ဟောကြားတော်မူခဲ့ပါတယ်။

ဒေသနာတော်အဆုံးမှာတော့ များစွာသော သူတို့ဟာ သောတာပတ္တိဖိုလ် စသဖြင့် ရောက်ကြလေကုန်တယ်။

ဓမ္မပဒ ဒဏ္ဍဝဂ်လာ စပါးကြီးမြွေပြိတ္တာ (မီးလျှံထဲက ဘဝတစ်ခု) ဝတ္ထုဇာတ်ကြောင်းကတော့ ကံ ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ သံဝေဂပွားစရာ ဒေသနာလို့ပဲ ဆိုရပါမယ်။

**“အကြင်သူသည် ဆူးကို စိုက်ပျိုးအံ့၊ ထိုသူသည် စပျစ်သီးကို ဆွတ်ခူးရရှိနိုင်မည် မဟုတ်။ အကြင်သူသည် မီးမွှေး ဆော့ကစားအံ့၊ ထိုသူသည် မီးသင့် လောင်ခံရမည်”** ဆိုတဲ့ ရှေးဟောင်းအာရပ်ကဗျာထဲက စာပိုဒ်ကိုလည်း သတိပြုသင့်ကြောင်းပါဗျာ။

**❊ မလိမ္မာသော သူမိုက်သည် ယုတ်မာကုန်သော မကောင်းမှုတို့ကို ပြုလုပ်နိုင်၏။ ထိုသို့ ပြုလုပ်နိုင်သော်လည်း ပြုအပ်သော မကောင်းမှု၏ အကျိုးကိုမသိ။ မိမိဥစ္စာ ဖြစ်ကုန်သော မကောင်းမှုတို့ကြောင့် ပညာကင်းသူလူမိုက်သည် မီးလောင်လျက်သာလျှင် ငရဲ၌ ပူပန်ရ၏**



**❑ အကြင်သူသည် ဆူးကို စိုက်ပျိုးအံ့၊ ထိုသူသည် စပျစ်သီးကို ဆွတ်ခူး ရရှိနိုင်မည် မဟုတ်။ အကြင်သူသည် မီးမွှေးဆော့ကစားအံ့၊ ထိုသူသည် မီးသင့် လောင်ခံရမည်**

---

## ပဲခူးမြို့မဇင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည် ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည် တည်တံ့ပြန့်ပွားစေရန်၊ ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်၍ မေ ၁၇ ရက်က ပဲခူးမြို့ မဇင်းရပ်ကွက် မဇင်း ဆည်နေရာတွင် “ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း” အခမ်းအနား ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တိုင်း/ခရိုင်/မြို့နယ်/စခန်းများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး မဇင်းဆည်အတွင်းသို့ နှစ်လက်မ အရွယ် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးအရေးကြီးလျက်ရှိ



**နေပြည်တော် မေ ၁၉**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက် ၁၀ နာရီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကျင်းပသည်။ **(ယာပုံ)**

**ဆေးရုံလုပ်ငန်း ပုံမှန်လည်ပတ်နိုင်ရေး**

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု စနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအနေဖြင့်လည်း အရည်အသွေးပြည့် ဝန်ဆောင်မှုပေးရန်နှင့် တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်ရှိသော မိမိတို့နိုင်ငံတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများမှာ နိုင်ငံ့ဝန်ထမ်း ကျန်းမာရေးဝန်ထမ်းများ အများစုပါဝင်နေပါကြောင်း၊ ယခုအခါ ပြည်သူ့ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း နိုင်ငံ့ဝန်ထမ်း ကျန်းမာရေးဝန်ထမ်းများနည်းတူ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း အချို့သာ ထိုးနှံခဲ့ရပြီး အခြားပုဂ္ဂလိက ဝန်ထမ်းများဖြစ်သည့် ဟိုတယ်များ၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဘဏ်များတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ထိုးနှံပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများလာရောက်တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်ညွှန်ကြားထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့် အနေဖြင့်လည်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် လျှောက်ထားလာမှု၊ ကြီးကြပ်ရေး ကော်မတီအဆင့်ဆင့် ကွင်းဆင်းစစ်ဆေးမည့်ကိစ္စ၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် (ပိတ်သိမ်း) မှုများအား အတည်ပြုမှတ်တမ်းတင်ခြင်းကိစ္စတို့ကို ရှင်းလင်းတင်ပြပြီး ဗဟိုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၏ တောင်သူများအပေါ် အားပေးကူညီမှုကို ပိုမိုအားစိုက်ဆောင်ရွက်ကြရန်လိုအပ်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် သထုံစိုက်ပျိုးရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး မကြာမီ ပြန်လည် ဖွင့်လှစ်တော့မည့် စိုက်ပျိုးရေး သိပ္ပံကျောင်းများ၌ မွေးမြူရေး ဒီပလိုမာသင်တန်းများ အသစ်ထည့်သွင်း ဖွင့်လှစ်မည်ဖြစ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်နိုင်ရေး၊ သင်ကြားရေး၊ သင်ယူရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**ကွင်းဆင်းကြည့်ရှု**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် အင်္ဂတိုဥယျာဉ်ခြံတွင် ဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုး ဆောင်ရွက်ထားရှိမှု၊ ဒေသနေ တောင်သူများ၏ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် နည်းပညာအထောက်အပံ့ ဆောင်ရွက်ပေးနေမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံ တောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ တောင်သူများအပေါ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၏ အားပေးကူညီမှုကို ပိုမိုအားစိုက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အားပေးကူညီမှုများ ရှိမှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ် GAP ကျင့်စဉ်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာအပါအဝင် စားသုံးသူဘေးကင်းလုံခြုံရေး၊ အရည်အသွေးကောင်း သီးနှံမျိုးများ ပြောင်းလဲ စိုက်ပျိုးနိုင်ရေး၊ ပြည်ပပို့ကုန် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံ ပြောင်းလဲပေးခြင်း၊ သီးနှံဈေးကွက် သတင်းအချက်အလက် အသုံးပြုနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အနံ ၁၆ ပေ၊ အမြင့် ၈ ပေ ခန့်ရှိ ထရံကာ၊ သွပ်မိုး မြေစိုက်တစ်ထပ်ကျောင်းဆောင်၌ မီးလောင်နေသည်ကို ကျောင်းအနီး နေထိုင်သူပြည်သူလူထုများက တွေ့ရှိရ၍ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဆောင်အနီး၌ ဓာတ်ဆီအနည်းငယ် ကျန်ရှိသည့် ရေသန့်ဘူးခွံတစ်ခုအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းဆောင်၏ အရှေ့ဘက်ခြမ်းတွင် ကာရံထားသော ထရံ ၈ ပေခန့်၊ ၃ x ၂ သစ်သားချောင်း လေးချောင်း၊ သစ်သားတိုင် တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။



ရမည်းသင်းမြို့နယ် ကျောက်ဖူးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း မီးရှို့ခံရမှုကို တွေ့ရစဉ်။

အလားတူ ည ၈ နာရီခွဲတွင် ချင်းပြည်နယ်၊ တီးတိန်မြို့ လေးလုမ်းရပ်ကွက်ရှိ မြို့ဝင်ထွက်စစ်ဆေးရေးဂိတ်ရှိ ယာယီရွက်ဖျင်တဲ နှစ်လုံးအား လက်နက်ကိုင်အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုကြောင့် ရွက်ဖျင်တဲ နှစ်လုံးနှင့် သစ်သားခုတင်ကိုးလုံးတို့မှာ မီးလောင်ကျွမ်းပျက်စီးခဲ့သည်။ အဆိုပါရွက်ဖျင်တဲများနှင့် သစ်သားခုတင်များမှာ တီးတိန်မြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ COVID-19 ရောဂါ ကာလအတွင်း ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုရန်အတွက် ထုတ်ပေးထားရှိပြီး ယခုအခါ ယာယီပိတ်သိမ်းထားသည့် အချိန်၌ မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ကြောင်း။

အလားတူ ည ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံးအတွင်းရှိ စာရွက်စာတမ်းများ၊ ပလတ်စတစ်ထိုင်ခုံများ၊ လျှပ်စစ်မီးကြိုးများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်ရသည့်အကြောင်းရင်းအား စုံစမ်းခဲ့ရာ မသမာသူလူတစ်စုမှ အဆိုပါရုံးရှေ့ရှိ ပြတင်းတံခါးမှန်အား ရိုက်ခွဲကာ ရုံးအတွင်းဝင်ရောက်၍ ဓာတ်ဆီလောင်းမီးရှို့ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ မေ ၁၉ ရက် နံနက် ၁ နာရီ မိနစ်၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် တစ္ဆေချောင်းကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ဦးသန့်ဇော်ဦး (၃၄) နှစ် (ဘ) ဦးသန်းလှိုင်၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသား တစ်ဦးက မီးတုတ်ဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီကင်းတား ဆည်ရေသောက်ရေအသုံးချသူများအစုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးသည် မေ ၁၇ ရက် နံနက်ပိုင်းတွင် မြို့ကြီးရေလွှဲဆည်၌ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီကင်းတား ဆည်ရေသောက်ရေပေးဝေမှုစနစ်အတွင်းရှိ ဆည်ရေအသုံးချသူများ အစုအဖွဲ့များအား တွေ့ဆုံ၍ ခေတ်မီနည်းပညာများ အသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

**ရေကို အကျိုးရှိရှိအသုံးချ**

ယင်းနောက် ရေအသုံးချသူများအဖွဲ့နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး က ပြောင်းလဲသက်ရောက်လာသည့် ရာသီဥတုကြောင့် လယ်ယာကဏ္ဍတွင် ကြုံတွေ့ရသည့် အခက်အခဲများတွင် ရေရှားပါးမှုပြဿနာသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခင်က ရေရှားပါးခြင်းကြောင့် အငြင်းပွားခြင်း၊ တောင်သူအချင်းချင်း ကျေးရွာများအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများရှိခဲ့သော်လည်း ယခုအခါ ရေအသုံးချသူများအဖွဲ့များ စနစ်တကျဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့သဖြင့် အဆိုပြဿနာများကို အကောင်းဆုံး ကျော်လွှားနိုင်ပြီဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရုံမျှမက အတူယှဉ်တွဲနေထိုင်နိုင်ခြင်းနှင့် အပြန်အလှန်နားလည်ကူညီခြင်း၏ အနှစ်သာရကို တွေ့မြင်မည်ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံကောင်းများကို အခြေခံပြီး စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရာတွင်လည်း စုပေါင်းမတည်ခြင်းကြောင့် ခိုင်မာတောင့်တင်းသော အရင်းအနှီးနှင့် စုပေါင်းရောင်းချခြင်းကြောင့် လက်ကားဈေးကွက်သို့ ဝင်ရောက်နိုင်သဖြင့် ဈေးကွက်အကျိုးအမြတ် ပိုမိုရရှိစေရန် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ ထူထောင်ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သောအကူအညီများနှင့် အသင်းအဖွဲ့ဆိုင်ရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို မိမိတို့ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင်များက ဆောင်ရွက်ဆဲစိုက်ပျိုးရေးလုပ်ငန်း အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ ကျေးရွာအလိုက် မျိုးစေ့ထုတ် တောင်သူအစုများအဖွဲ့များ ဖွဲ့စည်း၍ ဆန်စပါးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**ကြည့်ရှုအားပေး**

ထို့နောက် မိတ္ထီလာမြို့ရှိ စက်မှု လယ်ယာဇဟိုသင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာ စက်ပြင်စက်မောင်း ကျွမ်းကျင်သင်တန်းသို့ ရောက်ရှိကြပြီး မြေပြင်လက်တွေ့ သင်တန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ချောင်းမကြီး မျိုးသန့်ခြံတွင် စပျစ်စိုက်တောင်သူများနှင့် တွေ့ဆုံ၍ စပျစ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အလားအလာများ၊ စပျစ်ခြောက်၊ စပျစ်ဝိုင် စသည့် တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်ရေး၊ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးနှင့် စပျစ်စိုက်ပျိုးသူများ သမဝါယမအသင်းများ ထူထောင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်း လမ်းညွှန်(မူကြမ်း)နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်း လမ်းညွှန် (မူကြမ်း) နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းကျောင်း အသီးသီးက တာဝန်ခံများ၊ ကျောင်းအုပ်များ တက်ရောက်ခဲ့ကြသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ကလေးသူငယ် အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း နည်းလမ်းများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ "သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ"ကို ပြင်ဆင်ဖွဲ့စည်းပြီး သက်ဆိုင်ရာသင်တန်းကျောင်းများအလိုက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစိစစ်ရေး ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအစည်းအဝေး ကျင်းပနိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန် (မူကြမ်း) ကို ပြင်ဆင်ရေးသားခဲ့ပြီး သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီးက ကျောင်းအုပ်များနှင့် သုံးသပ်ညှိနှိုင်း အစည်းအဝေးဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ရှေးရှု၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

**သင်တန်းများ ဖွင့်လှစ်ပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစိစစ်ရေး လုပ်ငန်းလမ်းညွှန် (မူကြမ်း) နှင့်စပ်လျဉ်း၍ ကလေးသူငယ်များ၏ အသက်အရွယ်၊ ပြစ်မှုကျူးလွန်ရခြင်း အကြောင်းရင်း၊ ကလေးသူငယ်နေထိုင်သည့် ပတ်ဝန်းကျင် အခြေအနေ၊ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း စည်းကမ်းလိုက်နာခြင်း ရှိ/မရှိ၊ သက်မွေးပညာသင်တန်းများတက်ရောက်မှု စသည့်အခြေအနေများကို စိစစ်အကဲဖြတ်ရမည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းများတွင် စောင့်ရှောက်ထားရှိသော ကလေးသူငယ်ဦးရေ အပေါ်မူတည်၍ ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် အဆောက်အဦပိုင်းဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုပါကြောင်း၊ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုသင်တန်းများလည်း ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တင်ပြဆွေးနွေး**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေ၊ သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် စောင့်ရှောက်ထားရှိသော ကလေးသူငယ်များနှင့် ကော်မတီသို့တင်ပြလာသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များအား စိစစ်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး သင်တန်းကျောင်းများမှ တက်ရောက်လာသော တာဝန်ခံများ၊ ကျောင်းအုပ်များက အသီးသီးတင်ပြ ဆွေးနွေးခဲ့ကြသည်။

**လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်းလမ်းညွှန်(မူကြမ်း) အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး သင်တန်းကျောင်းများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေလ ပထမပတ်မှစတင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လယ်ဝေးမြို့နယ်ရှိရပ်ကွက် ခုနစ်ခုနှင့်ကျေးရွာအုပ်စု ၆၇ အုပ်စုတို့မှ အိမ်ထောင်စုလူဦးရေ စာရင်းမရှိသူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်လိုသူများအား ဆောင်ရွက်ပေးလျက်ရှိသည်။ မေ ၃ ရက်မှယနေ့အထိ အိမ်ထောင်စုလူဦးရေစာရင်း ၂၄၉ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၉၇ ကတ်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနဦးစီးမှူး ဦးဌေးလွင် ထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စုစည်းစွမ်းအားဖြင့် အောင်မြင်မှု လှေကားများဆီ တက်လှမ်းခြင်း

ကိုတင်နွယ်

လူတိုင်းသည် မွေးဖွားပြီး လူမှန်းသိတတ်စအရွယ်မှစ၍ သေဆုံးချိန်အထိ ရှင်သန်ချိန်ကာလအတွင်း လူသားဖြစ်တည်မှုအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် မိမိတို့ရည်မှန်းချက်များကို အောင်မြင်စွာ ဖြတ်သန်းလိုကြသည်။ အရွယ်ရောက်လာကြသူတိုင်း အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တစ်ခုမဟုတ်တစ်ခု လုပ်ကြရပါသည်။ ကိုယ်ပိုင်လုပ်ငန်း၊ တစ်ပါးသူထံတွင် လုပ်ကိုင်ကြရသည့်လုပ်ငန်း၊ အစိုးရဝန်ထမ်း စသည့်အခြေခံအားဖြင့် လုပ်ငန်းသုံးမျိုးရှိရာတွင် မည်သည့်လုပ်ငန်းမဆို စုစည်းစွမ်းအားဖြင့် မိမိတို့ရည်မှန်းချက်၊ ရည်ရွယ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ကြရပါသည်။

❑ **တစ်ဦးချင်း အခက်အခဲများကို ကိုယ်တိုင်သော် လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော် လည်းကောင်း ဖြေရှင်းကျော်လွှားနိုင်ပါမှ စုစည်းစွမ်းအားကို တည်ဆောက်နိုင်ပြီး ရည်ရွယ်ချက်ပန်းတိုင်ကို အချိန်တို အတွင်း တက်လှမ်းနိုင်မည်ဖြစ်။ စုစည်းစွမ်းအား မြင့်မားစေရေးမှာ နေ့စဉ်လုပ်ငန်းခွင်အတွင်း တစ်ဦး ချင်းစီ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဆိုင်ရာများကို သဘာဝကျကျ၊ မျှမျှတတ ရှိစေအောင် ဖန်တီး ထားမှုသည် အရေးကြီးသော အခြေခံ အကြောင်းတရား တစ်ခုဖြစ်**

## စုစည်းစွမ်းအား အခြေခံသဘောတရား

စုစည်းမှုစွမ်းအားသည် ကြီးမားသော သဘာဝ အခြေခံအင်အားစုကြီး ဖြစ်ပါသည်။ စုစည်းမှုစွမ်းအား ကြီးမားလာလေလေ တန်ခိုးအရှိန်အဝါ၊ အလေးအနက်ထားမှု တန်ဖိုးထားမှုနှင့် အားကိုးမှီခိုမှုဆိုသည့် လူ့လောကတွင် အရေးပါသော၊ အရေးကြီးသော လွှမ်းမိုးမှုများကို ပိုင်ဆိုင်လာကြရပါသည်။ စုစည်းမှုစွမ်းအား၊ စုပေါင်းလုပ်ဆောင်နိုင်စွမ်း၊ ပေါင်းစည်းမှုသဘောတရားများကို ခေတ်အဆက်ဆက် နည်းလမ်းမျိုးစုံဖြင့် တစ်ဦးချင်းစီ၏ အယူအဆ၊ ဝါဒသဘောတရားများ၊ သတ်မှတ်စည်းမျဉ်းများနှင့် ကိုးကွယ်ယုံကြည်ရာများဖြင့် တည်ဆောက်ကြသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ မိမိထူထောင်လိုသော အဝန်းအဝိုင်းအပေါ်မူတည်ပြီး စုစည်းစွမ်းအား မြင့်မားကောင်းမွန်စေရန် ဆောင်ရွက်ကြသည့် နည်းလမ်းများ ကွဲပြားခြားနားပါသည်။

အစိုးရလုပ်ငန်းများကို အကောင်အထည်ဖော်ကြရသော နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသည် စုစည်းစွမ်းအားကို အမြင့်ဆုံး ရောက်ရှိအောင် စွမ်းဆောင်နိုင်လေလေ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နိုင်လေ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ စုစည်းစွမ်းအား ဖော်ဆောင်ကြရာတွင် အောက်ပါ အခြေခံသဘောတရားများကို အလေးထား စဉ်းစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်-

(၁) မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့်အင်အား၊
(၂) လုပ်ငန်းတာဝန်များ(ကိုယ်စီတာဝန်များ)၊
(၃) လုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် ပုံစံ၊
(၄) လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ ညွှန်ကြားချက်များ၊
(၅) တစ်ဦးချင်း မိမိကိုယ်ကို သင်ယူပျိုးထောင်မှုနှင့် စီမံခန့်ခွဲမှု၊
(၆) အဖွဲ့အစည်းအလိုက် သင်ယူပျိုးထောင်မှုနှင့် စီမံခန့်ခွဲမှု၊
(၇) အခြေခံရည်မှန်းချက်များကို စီမံချက်ဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်မှု၊
(၈) ပုံမှန်၊ အရေးပေါ်၊ အရေးကြီးလုပ်ငန်းများ ခွဲခြားသတ်မှတ်မှု၊
(၉) ဆွေးနွေးတိုင်ပင်ခြင်းနှင့် အစည်းအဝေးများ ဆောင်ရွက်မှု၊
(၁၀) ညှိနှိုင်းတိုင်ပင်ချိန်နှင့် အလုပ်လုပ်ချိန် အချိုးကျ မျှတမှုရှိစေမှု၊
(၁၁) စဉ်ဆက်မပြတ်လေ့ကျင့်မှု၊
(၁၂) လုပ်ငန်းခွင်မပျက် လေ့ကျင့်ခြင်းနှင့် အချင်းချင်း သင်ယူစေမှု၊
(၁၃) အထက်အောက်ဘေးတိုက် နားလည်မှုနှင့် သံယောဇဉ်တရား၊
(၁၄) ကိုယ်ချင်းစာတရားနှင့် မေတ္တာထားမှု၊
(၁၅) ရသင့်ရထိုက်သည့် အခွင့်အရေး ရပိုင်ခွင့်များ မပျက်ယွင်းစေမှု၊
(၁၆) အားပေးချီးမြှောက်မှု၊
(၁၇) ဆုပေး၊ ဒဏ်ပေးစနစ်ကို မျှတမှန်ကန်စွာ အသုံးချမှု၊
(၁၈) မျှော်လင့်ချက်ရှိစေမှု၊
(၁၉) မိမိလုပ်ငန်းနှင့် တာဝန်အပေါ် ယုံမှားသံသယ မဖြစ်စေမှု၊
(၂၀) ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် အလုပ်ကို တန်ဖိုးထားလေးစားမှု၊
(၂၁) ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းသော လုပ်ငန်း ခွင်ဖြစ်စေမှု၊
(၂၂) အချင်းချင်းစိမ်းကားသော မသိသလိုဆက်ဆံခြင်းများ မရှိစေမှု၊
(၂၃) ခွဲခြားအုပ်ချုပ်ခြင်းနှင့် ဆက်ဆံခြင်းများ မဖြစ်စေမှု၊
(၂၄) လုပ်နိုင်စွမ်းနှင့် အောင်မြင်ခြင်းကို အသိအမှတ်ပြုမှု၊
(၂၅) မသိနားမလည်ခြင်း ကင်းဝေးစေမှု၊
(၂၆) အုပ်စုဖွဲ့ခြင်း၊ ဂိုဏ်းဂဏဖွဲ့ခြင်း မရှိစေမှု၊
(၂၇) အာဃာတတရား ကင်းရှင်းစေမှု။

## ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မျှတစေခြင်း

အဖွဲ့အစည်းတစ်ခုတွင် စုစည်းစွမ်းအား အကောင်အထည်ဖော်ရာ၌ အချိန်တိုအတွင်းရရှိနိုင်စေရေးမှာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညီညွတ်မျှတစွာ စီမံကွပ်ကဲအုပ်ချုပ်ရေးသည် အရေးအကြီးဆုံးသော အချက်ဖြစ်ပါသည်။

လူများသည် ခံစားချက်ကို အခြေခံပြီး ဆောင်ရွက်လေ့ ရှိကြသည်ဖြစ်ရာ ရုပ်ပိုင်းနှင့် စိတ်ပိုင်း ကြည်လင်ကျန်းမာပါမှ လုပ်ငန်းများ အောင်မြင်နိုင်သည်။ အချင်းချင်းညီညွတ်ကာ စုစည်းမှု စွမ်းအား ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါသည်။ တစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး၊ ယုံကြည်မှုနှင့် ဝါသနာများသည် နေ့စဉ် လုပ်ငန်းခွင်မှ တစ်ရက်ချင်း၊ တစ်နေ့ချင်း အလိုက် အလေးထားမှုများ ပါရှိပါမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကို ယုံကြည်မှုများ ရရှိလာကြမည်။

အခက်အခဲ အကျပ်အတည်းများကို တစ်ဦးချင်းအလိုက်ဖြေရှင်းနိုင်သည်များကို စိတ်ခွန်အားအပြည့်အဝ ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းနိုင်သည်။ယုံကြည်ခံယူချက်များ ဖြစ်တည် ပေါ်ပေါက်ရေးသည် လုပ်ငန်းခွင်ပြုစုပျိုးထောင်မှုနှင့် လုပ်ငန်းခွင်အတွင်း နေ့စဉ်ချမှတ်ထားသည့် စည်းမျဉ်းစနစ်နှင့် ဖြည့်ဆည်းထောက်ပံ့ပေးမှု အဓိက ပါဝင်ပတ်သက်လျက်ရှိပါသည်။

တစ်ဦးချင်း အခက်အခဲများကို ကိုယ်တိုင်သော် လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း ဖြေရှင်းကျော်လွှားနိုင်ပါမှ စုစည်းစွမ်းအားကို တည်ဆောက်နိုင်ပြီး ရည်ရွယ်ချက်ပန်းတိုင်ကို အချိန်တိုအတွင်း တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ စုစည်း စွမ်းအား မြင့်မားစေရေးမှာ နေ့စဉ်လုပ်ငန်းခွင်အတွင်း တစ်ဦးချင်းစီ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများကို သဘာဝကျကျ၊ မျှမျှတတ ရှိစေအောင် ဖန်တီးထားမှုသည် အရေးကြီးသော အခြေခံအကြောင်းတရားတစ်ခု ဖြစ်ပါသည်။

စုစည်းမှုစွမ်းအား မြင့်မားရှင်သန်စေရေးမှာ တစ်ဦးချင်းစီ၏ စိတ်ထား၊ အမူအကျင့်နှင့် ယုံကြည်ချက်၊ ခံယူချက် စေတနာများပေါ်တွင် မူတည်နေပါသည်။ တစ်ယောက်ချင်းစီတိုင်း နိုင်ငံသားကောင်းပီသမှုသာ ကြီးမားကျယ်ပြန့် အင်အားပြည့်ဝသည့် စုစည်းစွမ်းအားကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

## နိုင်ငံသားကောင်းပီသခြင်း

နိုင်ငံ့ဝန်ထမ်းများတွင် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ တစ်ဦးချင်းစီ၏ ကာယ၊ ဉာဏစွမ်းအားများဖြင့်နိုင်ငံအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သော ဝန်ထမ်းသည် တာဝန်သိသော၊ တာဝန်ကျေသော ဝန်ထမ်းကောင်း ဖြစ်ပေသည်။

တာဝန်များကို ကိုယ်စိတ်ယုံကြည်ချက်၊ ခံယူချက် အပြည့်ဖြင့် မိမိတာဝန်ကို စည်းကမ်းပြည့်ဝစွာ ကျေပွန်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးစီတိုင်း စောင့်ထိန်းလိုက်နာလေ့လာသင်ယူရသောအချက်များစွာ ရှိပါသည်။ ရိုးသားမှုကို အခြေခံကာ ကြိုးစားမှုကို ထပ်လောင်း၍ စည်းလုံးညီညာသော အဖွဲ့အစည်းကောင်းကို ပူးပေါင်းထူထောင်ကြခြင်းဖြင့် နိုင်ငံ့အနာဂတ်ကို နိုင်ငံသားကောင်းတစ်ဦးပီသစွာ ရပ်တည်ရှင်သန်နေကြခြင်းဖြစ်ပါသည်။

တစ်ဦးချင်းစီ၏ နေ့စဉ်လုပ်ငန်းခွင် ပျော်ရွှင်မှုမှသည် စုစည်းစွမ်းအားများကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ စုစည်းစွမ်းအားသည် လူတစ်ဦးချင်းစီကို အကျိုးဖြစ်ထွန်းစေနိုင်သလို အဖွဲ့အစည်းလုပ်ငန်းခွင်နှင့် နိုင်ငံတော်ကိုလည်း ထိထိရောက်ရောက် တိတိကျကျ အကျိုးဖြစ်ထွန်းစေသော အဓိက အကြောင်းတရားဖြစ်ပါသည်။

သို့ဖြစ်၍ စုစည်းစွမ်းအားဖြင့် လူတစ်ဦးချင်းစီ၏ အောင်မြင်ပျော်ရွှင်သော လှေကားထစ်များမှသည် ကြည်နူးစိတ်ချမ်းသာသော လူမှုအသိုက်အဝန်း၊ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ထူထောင်ကြနိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်



**နေပြည်တော် မေ ၁၉**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်အလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ဒိုင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ ကျောင်းဝင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင် အတွင်း၊ အပြင် သန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့အားကို အများကြီးလိုသည်

ကိုဖြိုး

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲလိမ် မဲခိုးမှုတွေကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလသတ်မှတ်ပြီး တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့တာ သုံးလကျော်၊ လေးလထဲ ရောက်ခဲ့ပါပြီ။ နိုင်ငံရေးအပြောင်းအလဲ စတင်တဲ့ ဖေဖော်ဝါရီလ ပထမပတ်လောက်တုန်းကတော့ ဖြစ်စဉ်အပေါ် မကျေနပ်သူတွေက လူစုလူဝေးနဲ့ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ငြိမ်းချမ်းစွာဆန္ဒပြရာကနေ ဆူပူအကြမ်းဖက်မှုတွေ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားလောက်အောင် မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်လာကြတာ အခုအထိပါပဲ။ ထိခိုက်ဆုံးရှုံးမှုတွေကလည်း များပါတယ်။

## နိုင်ငံတော်နဲ့ ပြည်သူကို ဒုက္ခရောက်အောင် လုပ်နေတာ ဘယ်သူတွေလဲ

တဖြည်းဖြည်းနဲ့ အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ကလေးသူငယ်ကျောင်းသားလူငယ်တွေကိုပါ သွေးထိုးလှုံ့ဆော် ခြိမ်းခြောက်ပြီး လမ်းမပေါ် ဆွဲတင်လာကြပါတယ်။ အဲဒီအပြစ်မဲ့ မသိနားမလည်သူတွေကို ရှေ့တန်းတင်ပြီး လူထုတိုက်ပွဲအသွင်သဏ္ဌာန် ပုံဖော်ကာ နိုင်ငံအနှံ့အပြားမှာ လူထုအုံကြွမှုတွေဖြစ်လာအောင် လုပ်ဆောင်လာကြပါတယ်။ နိုင်ငံတော်အုပ်ချုပ်မှုယန္တရား ပြိုလဲသည်အထိ ရည်ရွယ်ပြီး ပုံစံအမျိုးမျိုးနဲ့ ထိပ်တိုက်ရင်ဆိုင်ကာ ဗုံးတွေခွဲ၊ မီးတွေရှို့၊ လူတွေကို သတ်၊ ဥပဒေတွေကို အမျိုးမျိုးချိုးဖောက်ကျူးလွန်လာပြီး မိုက်တွင်းနက်နေကြပါတယ်။

ကိုယ့်လုပ်ရပ်ကို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ပြီး အမှားအမှန်မခွဲခြားနိုင်ဘဲ အာဏာရရှိရေးတစ်ခုတည်းကိုသာ ဦးတည်၊ မိုက်ပြီးရင်းမိုက်နေခဲ့ကြတဲ့ အဲဒီပါတီနဲ့ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ အကျိုးဆက်ကတော့ အခုပြည်သူလူထုတွေ ဒုက္ခမျိုးစုံတွေ့နေကြရပါပြီ။ ပြည်တွင်း ပြည်ပက ငွေကြေးအထောက်အပံ့များစွာနဲ့ တိုင်းဖျက်ပြည်ပျက် စီမံကိန်းကြီးကို နောက်ကွယ်ကနေ အန္တရာယ်ကင်းတဲ့နေရာက ကြိုးကိုင်ပြီး အဖျက်သမားဝါဒမှိုင်းတိုက်နေ ကြသူတွေကတော့ ဒီနေ့ သူတို့ကိုယ်သူတို့ ဘုရားတစ်ဆူဂူတစ်လုံး၊ သူတို့သာလျှင် ဒီမိုကရေစီအရှင်သခင်ဆိုပြီး ကယ်တင်ရှင်ဆရာကြီးနေရာကယူထားကြတဲ့ သူတွေပါပဲ။ တစ်နည်းပြောရရင်တော့ နိုင်ငံတော်က အကြမ်းဖက်အဖွဲ့စည်းနဲ့ မတရားအသင်းအဖြစ် ကြေညာခံထားရတဲ့ ပြည်တွင်းက အာဏာရူးသစ္စာဖောက်တွေရဲ့ လက်မည်းကြီးတွေနဲ့ နိုင်ငံတော်ကို အကျည်းတန်အရုပ်ဆိုးစေပြီး ချောက်ကမ်းပါးအန္တရာယ်ထဲကို ဆွဲချနေခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံတော်ရှေ့ရေး ရင်လေးစရာကောင်းလှပါတယ်။

## လမ်းမှားကိုလျှောက်၊ လမ်းပေါ်မှာ လမ်းပျောက်ကြမည့်သူများ

မကောင်းတဲ့အကြံအစည်နဲ့ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်တဲ့ အကြောင်းတရားတွေကြောင့် ရလဒ်ဆိုး ကြုံနေရတာကို မကျေမနပ်နဲ့ အမိုက်ဇာတ်ခင်း မိုက်တွင်းနက်နေကြပုံတွေ ကတော့ ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ။ ဒါကို သူတို့ကိုယ်သူတို့ အဟုတ်ထင်ပြီး စိတ်ကူးယဉ်အိပ်မက်ထဲမှာ စမ်းတဝါးဝါးလျှောက်ရင်း လမ်းစပျောက်သူတွေကလည်း ပျောက်ခဲ့ကြပြီ။ ဘဝပျက်နေကြသူတွေကလည်း တစ်ပုံတစ်ပင်။ ဆက်လျှောက်နေသူတွေရဲ့ နိဂုံးပန်းတိုင်ကလည်း ကြည့်ရုံနဲ့ လှမ်းမြင်နိုင်ကြပါပြီ။




ဒါကြောင့် ဒီနေ့ဖြစ်နေတဲ့အဖျက်သမား အကြမ်းဖက်လုပ်ရပ်တွေပေါ်မှာ ကျွန်တော်တို့ ပြည်သူတွေ သုံးသပ်ဆင်ခြင်ကြဖို့ လိုအပ်နေပြီ။ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတတ်ဖို့ လိုအပ်နေပါပြီ။ မကောင်းတဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို ဆန့်ကျင်တွန်းလှန်သင့်ကြပါပြီ။ ဒီနေ့ နောက်ကွယ်ကနေ ခြယ်လှယ်ကြိုးကိုင်နေကြတဲ့ အဖျက်သမား ပြည်ပအားကိုးဝရမ်းပြေး ပြည်ပြေးရာဇဝတ်သားတွေရဲ့ ယုတ်မာပက်စက်တဲ့ အကြံအစည်တွေကို သတိထားသင့်ကြပါပြီ။

ခုတလော လမ်းမပေါ် ဆန္ဒပြတာတွေ၊ လူစုလူဝေးနဲ့ လှည့်လည်တာတွေကတော့ နည်းနည်းပါးလာပါပြီ။ ဒါပေမယ့်လည်း မြောက်ပင့်စေခိုင်းနေသူတွေကြောင့် အော်ဟစ်ဆူပူဆန္ဒပြတာတွေလည်း တော်တော်များများမှာ ရှိနေပါသေးတယ်။ အေးငြိမ်းစွာနေထိုင်တဲ့ ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတွေဖျက်ဆီးဖို့ ရည်ရွယ်ချက်နဲ့ ဆူပူအကြမ်းဖက်တာတွေ၊ အစိုးရဝန်ထမ်းများနဲ့ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ်တာတွေ၊ နေအိမ်များ၊ ရဲစခန်းများ၊ ပြည်သူလူထုနေအိမ်များနဲ့ ကျောင်းများ၊ ဘဏ်များ၊ ဈေးများ၊ အပန်းဖြေနေရာများ၊ ကား၊ ရထားလမ်းနဲ့ လူစည်ကားရာနေရာများကို ဖောက်ခွဲဖျက်ဆီးတာ၊ မီးရှို့တာတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လက်နက်ကြီးလက်နက်ငယ်၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ၊ မီးပုလင်းများနဲ့ အန္တရာယ်ပြုတိုက်ခိုက်တာတွေကတော့ နေရာစိပ်စိပ်မှာ များများလာတာ တွေ့ရပါတယ်။

## ပြည်သူလူထုကို အကျိုးပြုနေတာလား၊ အကျိုးဖျက်နေကြတာလား

ဟိုတစ်နေ့ကပဲ ရွှေဘိုမြို့ မြို့မဈေးကြီး မနက်စောစောမီးလောင်တယ်။ ဒါကို အဖျက်သမားအုပ်စုက ဈေးကို တပ်က မီးရှို့တယ် စွပ်စွဲတယ်။ ပြည်သူကြားမှာ တပ်ကို သွေးခွဲလာတယ်။ သူတို့လုပ်နေကျအကျင့်ဆိုးအတိုင်း မဟုတ်ကဟုတ်က စွပ်စွဲပုတ်ခတ်လာတယ်။ ဒါပေမယ့် သူတို့အချင်းချင်းထဲကပဲ ရှေ့ကဖုံး နောက်ကပေါ်လုပ်တယ်။ CRPH နဲ့ NUG အမာခံတချို့က ဖေ့စ်ဘုတ်မှာ တပ်မတော်ရဲ့ အလိုကျဖွင့်ခဲ့တဲ့ ရွှေဘိုဈေးကြီးကို GZ တွေက အောင်မြင်စွာ ဒန်ပေါက်ကျွေးနိုင်ခဲ့တယ်ဆိုပြီး ဖောက်ခွဲဖျက်ဆီးရေး မီးပုလင်းတွေ၊ လက်လုပ်ဗုံးတွေ ပြင်ဆင်နေတဲ့ပုံနဲ့ တင်လာပြန်တယ်။

ဒါ့အပြင် ဖြစ်စဉ်အမှန်အတိုင်း ရေးတင်ကြတာလည်း တွေ့ရတယ်။ ဆရာတော်တစ်ပါးက မီးလောင်တဲ့အချိန်မှာ ပြေးလွှားပစ္စည်းတွေ သယ်ယူနေကြတဲ့ ဆိုင်ရှင်တွေ၊ ဒကာ ဒကာမတွေကတော့ လမ်းမှာ ဘယ်စစ်သားမှ မမြင်ရဘူး၊ မတွေ့ရဘူးတဲ့။ ဈေးထဲက သူတို့ဆိုင်ကပစ္စည်းတွေ သူတို့ အကုန်တော့ ရလိုက်တယ်တဲ့။

နောက်တစ်ယောက်ကလည်း သူက ရွှေဘိုကပါတဲ့။ မနက် ၃ နာရီလောက် ဈေးထဲ ရောက်နေပါပြီ။ မီးမကူးသေးတဲ့ ပစ္စည်းတွေလည်း သယ်ယူခွင့်ပေးပါတယ်တဲ့၊ တပ်မတော်၊ ရဲနဲ့ မီးသတ်ပူးပေါင်းငြိမ်းတာပါတဲ့၊ မီးသတ်တချို့က CDM လုပ်ကြလို့ အင်အားမလုံလောက်ပါဘူးတဲ့၊ အနီးအနားက မြို့တွေကလည်း မီးသတ်ကားတွေ လာကူကြပါတယ်တဲ့၊ လူတွေက ကိုယ်တိုင်မမြင်ဘဲ ရမ်းပြောနေကြတာပါတဲ့၊ ဈေးကို မီးရှို့ဖို့ အရင်ရက်တွေကတည်းက သတင်းသဲ့သဲ့ကြားမိတယ်တဲ့၊ စစ်သားတွေဆို ပစ္စည်းကို လုတယ်ပြောမှာစိုးလို့ သူတို့ပစ္စည်းကို မထိရဲပါဘူးတဲ့၊ အမုန်းတရားနဲ့အပြစ်ရှာ တရားခံလုပ်နေသရွေ့ ဘယ်တော့မှ အစစ်အမှန်ကိုရမှာ မဟုတ်ပါ ဘူးတဲ့၊ သဘောကတော့ အမုန်းတရားနဲ့ မဟုတ်မမှန်ကောလာဟလတွေ ဖော်ပြတဲ့အဖျက်သမားတွေရှိနေသလို အမှန်တရားကို လိုလားတဲ့ ပြည်သူတွေလည်း ရှိနေကြပါတယ်။

ဆိုလိုတာက ကျွန်တော်တို့တစ်တွေ အမှန်နဲ့ အမှား၊ တရားနဲ့ မတရားတာ၊ ဓမ္မနဲ့ အဓမ္မ ကွဲကွဲပြားပြားမြင်ကြသိကြဖို့ အချိန်တန်ပြီ။ ပြည်သူလူထုကို ဘယ်သူတွေ ဒုက္ခပေးနေကြသလဲ၊ နှိပ်စက်နေကြသလဲ၊ အနိုင်ကျင့်နေကြသလဲဆိုတာ သဘောပေါက်ကြဖို့ ကောင်းပြီ။

## ဒုက္ခတွင်းထဲ နှစ်ထည့်နေသူတွေရဲ့အန္တရာယ်ကို ကာကွယ်ကြ

ဒီကနေ့ နိုင်ငံတော်က ကျောင်းတွေ ဖွင့်ပေးဖို့ စီမံနေပြီး တက္ကသိုလ်၊ ကောလိပ်သိပ္ပံတွေဆိုရင် သတ်မှတ်တဲ့ အတန်းကြီးတွေ မေလဆန်းကစ စာသင်နေပြီ။ တက်တဲ့ကျောင်းသား ကျောင်းသူတွေရှိတယ်။ မတက်ကြတဲ့သူတွေရှိတယ်။ ကျောင်းလာပြီး စာသင်တဲ့ ဆရာ၊ ဆရာမတွေရှိတယ်။ မလာတဲ့သူတွေရှိတယ်။ ကိုယ့်သားသမီးကို ကျောင်းတက်ဖို့ ပြောဆိုတိုက်တွန်း သင်ကြားလမ်းညွှန်ပေးတဲ့ မိဘတွေ ရှိတယ်။ အဲဒီလိုမလုပ်တဲ့ မိဘတွေ ရှိတယ်။ ဘယ်လိုပြောရမလဲ။ ကျွန်တော်တို့နိုင်ငံဟာ ယဉ်ကျေးတဲ့နိုင်ငံ၊ ဗုဒ္ဓဘာသာ အများစုကိုးကွယ်ကြတဲ့နိုင်ငံ၊ ဘာသာရေးအဆုံးအမတွေနဲ့ လိမ္မာယဉ်ကျေးခဲ့ကြတဲ့ ပြည်သူတွေ၊ လူငယ်တွေ၊ ခု ဘယ်လိုဖြစ်ကုန်ကြတာလဲ။

မိဘဝတ်၊ ဆရာဝတ်၊ သားသမီးဝတ်၊ အကြီးအကဲဝတ်ဆိုတာတွေ ပစ်ပယ်ကြတော့မှာလား၊ မျက်ကွယ်ပြုကြတော့မှာလား၊ အမှန်တရားတွေကို ပစ်ပယ်ပြီး အမှားဘက်ကို လိုက်ကြတော့မှာလား၊ မင်္ဂလာတရားတွေကို ဖျောက်ဖျက်ပြီး အ မင်္ဂလာအမှုတွေ ပြုကြတော့မှာလား၊ လူငယ်တွေကို မကောင်းတဲ့ အကျင့်စရိုက်ဆိုးတွေ အမွေပေးကြမှာလား။ တွေးလေတွေးလေ ရင်မောစရာကောင်းလေပါ။ သွေးထိုး မြှောက်ပင့်လှုံ့ဆော်တာတွေကို ဉာဏ်ပညာ၊ အသိသတိနဲ့ ဆင်ခြင်ကြဖို့ လိုပါပြီ။ လိမ္မာယဉ်ကျေးတဲ့ လူ့ဘောင်ကို ကျောခိုင်းပြီး သားသမီးတွေကို အရိုင်းအစိုင်းတွေအဖြစ် ခင်ဗျားတို့ပြောနေတဲ့ ကျောက်ခေတ်ကို ပြန်ပို့ကြတော့မှာလား။

*(ဆက်လက်ဖော်ပြပါမည်)*

**❑ ဒီနေ့ဖြစ်နေတဲ့အဖျက်သမား အကြမ်းဖက်လုပ်ရပ်တွေပေါ်မှာ ကျွန်တော်တို့ ပြည်သူတွေ သုံးသပ်ဆင်ခြင်ကြဖို့ လိုအပ်နေပြီ။ အဆိုးအကောင်း ဝေဖန်ပိုင်းခြားတတ်ဖို့ လိုအပ်နေပါပြီ။ မကောင်းတဲ့အဖျက်အမှောင့်လုပ်ရပ်တွေကို ဆန့်ကျင်တွန်းလှန်သင့်ကြပါပြီ။ ဒီနေ့ နောက်ကွယ်ကနေ ခြယ်လှယ်ကြိုးကိုင်နေကြတဲ့ အဖျက်သမား ပြည်ပအားကိုးဝရမ်းပြေး ပြည်ပြေးရာဇဝတ်သားတွေရဲ့ ယုတ်မာပက်စက်တဲ့ အကြံအစည်တွေကို သတိထားသင့်ကြပါပြီ**

## အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်**

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်း ရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ် မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

(ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ် ၇၇ ခုတွင် အကန့်အသတ်မရှိ ငွေလွှဲ/ ငွေထုတ် အထူးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၉**

နိုင်ငံတစ်ဝန်း ပြည်သူများအကြား ငွေကြေးစီးဆင်း လည်ပတ်မှု အဆင်ပြေ ကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်အောက်ရှိ ခရိုင်ဘဏ်ခွဲများနှင့် မြို့ကြီးအချို့ ဘဏ်ခွဲအသီးသီး အပါအဝင် စုစုပေါင်း မြန်မာ့စီးပွားရေးဘဏ် ၇၇ ခုတို့တွင် အကန့်အသတ်မရှိ ငွေလွှဲ/ ငွေထုတ် အထူးဝန်ဆောင်မှုလုပ်ငန်းများကို မေ ၁၇ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။



မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)ရန်ကုန်၌ အထူးအကောင့်အသစ်ဖြင့် ငွေလွှဲ/ ငွေထုတ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

**မီဒီယာများအား ရှင်းပြ**

အဆိုပါ ဘဏ်ဝန်ဆောင်မှု ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) ပထမထပ်၌ မေ ၁၇ ရက်က ကျင်းပရာ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စတင်ဆောင်ရွက်မည့် မြန်မာ့စီးပွားရေးဘဏ်အောက်ရှိ နိုင်ငံတစ်ဝန်း ခရိုင်ဘဏ်ခွဲများနှင့် မြို့ကြီးအချို့ ဘဏ်ခွဲအသီးသီး တို့တွင် အကန့်အသတ်မရှိ ငွေလွှဲ / ငွေထုတ် ဝန်ဆောင်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မီဒီယာများအား ရှင်းပြသည်။

“လတ်တလော ပြည်သူတွေကြား ငွေထုတ်ဝန်ဆောင်မှု အခက်အခဲပြေလည်စေဖို့ ငွေသားအပ်နှံ ကောင်တာလေး စတင်ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ ဒီကောင်တာက ဝန်ဆောင်မှုပေးမယ့် ဘဏ်လုပ်ငန်းဆိုင်ရာတွေကတော့ မကြာသေးခင် ဗဟိုဘဏ်က ထုတ်ပြန်ထားတဲ့ အထူးအကောင့်တွေနဲ့ပတ်သက်ပြီး အထူးအကောင့် ဖွင့်လှစ်တဲ့ငွေတွေကို လက်ခံပေးတာတွေ၊ အထူးအကောင့်ကနေ ငွေသားထုတ်ပေးတဲ့ လုပ်ငန်းတွေ၊ ဒီ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) အပါအဝင် မြန်မာ့စီးပွားရေးဘဏ်ခွဲပေါင်း ၇၇ ခုမှာ ငွေလွှဲပို့မယ်၊ တစ်ဖက်ဘဏ်ကလည်း အဆင်ပြေပြေ ငွေထုတ်ပေးမယ်။ အဲဒီလုပ်ငန်းစဉ်တွေကို အဆင်ပြေစေဖို့ အဓိကရည်ရွယ်ပြီး စတင်ဖွင့်လှစ်ဝန်ဆောင်မှု ပေးတာဖြစ်ပါတယ်” ဟု နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက ပြောကြားသည်။

**ဝန်ဆောင်မှုပေး**

နိုင်ငံတစ်ဝန်း မြန်မာ့စီးပွားရေးဘဏ်အောက်ရှိ အကန့်အသတ်မရှိ ငွေလွှဲ/ငွေထုတ် အထူးဝန်ဆောင်မှုပေးသွားမည့် ဘဏ်ခွဲများအနေဖြင့် ရန်ကုန်မြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၊၂၊၃၊၄၊၅၊၆၊ နှင့် ငွေစုဘဏ်ခွဲ ၁၊၂၊၃၊၄၊ မြို့နယ်ဘဏ်ခွဲများဖြစ်သည့် ကြည့်မြင်တိုင်၊ ကမာရွတ်၊ တာမွေ၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ အင်းစိန်နှင့် သန်လျင်တို့၌ လည်းကောင်း။

မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ဖလမ်း၊ ဟားခါး၊ မင်းတပ်၊ စစ်ကိုင်း၊ မုံရွာ၊ တမူး၊ ကသာ၊ ရွှေဘို၊ မော်လိုက်၊ ကလေး၊ ခန္တီး၊ ထားဝယ်၊ ကော့သောင်း၊ မြိတ်ဘဏ်ခွဲများ၌ လည်းကောင်း။

ပဲခူး၊ သာယာဝတီ၊ တောင်ငူ၊ ပြည်၊ မကွေး၊ သရက်၊ မင်းဘူး၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ညောင်ဦး၊ ရမည်းသင်း၊ ကျောက်ပန်းတောင်းဘဏ်ခွဲ နှင့် မန္တလေးဘဏ်ခွဲ ၁၊၂၊၃ တို့၌ လည်းကောင်း။

မော်လမြိုင်ဘဏ်ခွဲ ၁၊ ၂၊ သထုံ၊ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ သံတွဲ၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်လင်၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ ပျဉ်းမနားနှင့် နေပြည်တော်ဘဏ်ခွဲများ၌ လည်းကောင်း ငွေလွှဲ/ငွေထုတ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်သည်။

**ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်**

မြန်မာ့စီးပွားရေး ဘဏ်မှ ပြည်သူများအကြား ငွေကြေးလည်ပတ်မှုကောင်းမွန်စွာ စီးဆင်းနိုင်စေရန် ဝန်ဆောင်မှုပေးသော လုပ်ငန်းများမှာ စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည် ဖြစ်ပြီး စာရင်းအသစ်ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှု လက်ခံခြင်း၊ အဆိုပါ စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်ခြင်း၊ ငွေသားပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် အောက်ရှိ ရန်ကုန်မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) အပါအဝင် နိုင်ငံတစ်ဝန်း ခရိုင်ဘဏ်ခွဲများနှင့် မြို့ကြီးအချို့ရှိ မြန်မာ့စီးပွားရေးဘဏ် စုစုပေါင်း ၇၇ ခုတို့တွင် အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှု စသည့်ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ငွေလွှဲခ ကောက်ခံရာတွင်လည်း လက်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ ကောက်ခံနေသောနှုန်းထားအတိုင်းကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁) အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ စုစုပေါင်းဘဏ်ခွဲ ၁၇ ခုတွင် ယနေ့ စတင်ဖွင့်လှစ်သော အထူးအကောင့်အသစ်ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်ရာတွင် အကောင့်အသစ်ဖြင့် ငွေသားအပ်နှံမှုနှင့် ငွေလွှဲမှုမှာ ငွေကျပ်သိန်းပေါင်း ၅၀၀ ကျော်ရှိခဲ့ပြီး အခြားမြို့နယ်အသီးသီးရှိ ချိတ်ဆက်ထားသော သက်ဆိုင်ရာဘဏ်အသီးသီးမှ လွှဲပြောင်းလိုက်သော ငွေများကို ထုတ်ပေးရာတွင် ငွေကျပ်သန်းပေါင်း ၁၈၆ သန်းဝန်းကျင်ရှိကြောင်း သိရသည်။


**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ – မင်းထက်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းတစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၁၉**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်း၍ ဒေသခံပြည်သူလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၁၁၁၈၆ ဦးနှင့် အတွင်းလူနာပေါင်း ၆၄၄၃၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၉၈၆၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၀၀၉ ဦး၊ စုစုပေါင်း ၁၄၈၇၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၀၈၅ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၄၉၃ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၂၅၇၈ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ်(၃၃) မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်မစီးရနယ်မြေအဖြစ် သတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိသဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန်၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်အတွက် စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ တိုးမြှင့်စစ်ဆေးအရေးယူလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူခဲ့မှုနှင့် မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုတို့မှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်းနှင့် ယာဉ်/လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

| ကာလ | စည်းကမ်းပျက်ဖမ်းဆီးမှု | | ယာဉ်မတော်တဆမှု | | |
| --- | --- | --- | --- | --- | --- |
| | မော်တော်ဆိုင်ကယ် | မော်တော်ယာဉ် | ဖြစ်ပွားမှု | ဒဏ်ရာရရှိမှု | သေဆုံးမှု |
| ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ | ၃၀၄၈ စီး | ၆၃၆၆ စီး | ၃၃၃ မှု | ၃၅၅ ဦး | ၁၆၀ ဦး |

**အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)**

❍ *ကျောဖုံးမှ*

သို့သော်လည်း တစ်ပွဲလျော့ လီဗာပူးအသင်းနှင့် ရမှတ် ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရာသီပိတ်ပွဲစဉ်က အဆုံးအဖြတ် ဖြစ်လာဖွယ်ရှိနေသည်။

ယနေ့ပွဲစဉ်သည် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် နှစ်သင်းစလုံးရမှတ် လိုအပ်ချက်ရှိနေသည့်အတွက် အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ချယ်ဆီးအသင်းနှင့် လက်စတာအသင်းတို့သည် မေ ၁၅ ရက်က အက်ဖ်အေဖလားဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး လက်စတာအသင်းက တိုင်လီမန်းစ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် အက်ဖ်အေဖလားရှုံးကြေးကို ယနေ့ပြန်ဆပ်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်ပါ ရှင်သန်လာခဲ့သည်။ အဆိုပါနှစ်သင်း ယခုအကြိမ်တွေ့ဆုံမှုသည် ယခုနှစ်ရာသီ၏ တတိယအကြိမ်မြောက်ဖြစ်ပြီး လက်စတာအသင်းက နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်ရှုံးနိမ့်ထားသည်။

ချယ်ဆီးအသင်းသည် ရာသီပိတ်ပွဲစဉ်အဖြစ် မေ ၂၃ ရက်တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လက်စတာအသင်းက စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၇) ၏ အခြားသော ပွဲစဉ်ရလဒ်များမှာ မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဆောက်သမ်တန်နှင့် လိဒ်စ်အသင်းတို့ပွဲစဉ်တွင် လိဒ်စ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်အသင်းနှင့် ချန်ပီယံမန်စီးတီးအသင်းတို့ ပွဲစဉ်တွင် ဘရိုက်တန်အသင်းက သုံးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

❊ *ကျောဖုံးမှ*

မြန်မာအားကစား အဖွဲ့များ လေ့ကျင့်နေမှုကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးမိုး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၇ ရက် က ရန်ကုန်မြို့ရှိ အားကစားစခန်းများသို့လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။ ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အင်းလျားလမ်းရှိ လှေလှော်အားကစားလေ့ကျင့်ရေး စခန်းသို့ လည်းကောင်း၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ သေနတ်ပစ်အားကစားလေ့ကျင့်ရေးကွင်း၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက လေ့ကျင့်မှုအစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော် စည်ပင်အားကစားဝင်းအတွင်းရှိ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်သို့ ရောက်ရှိပြီး အားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် စခန်းဝင်ရောက်မှု အခြေအနေများကိုလည်းကောင်း၊ အောင်ဆန်းအားကစား ပြိုင်ဝင်းအတွင်းရှိ ဘိလိယက်နှင့် စနူကာ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အစဉ်အလာကောင်းခဲ့သော အားကစားနည်းဖြစ်သည့် အားလျော်စွာ အစွမ်းကုန်လေ့ကျင့်သွားရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ရှိ သေနတ်ပစ်အားကစားလေ့ကျင့်ရေးကွင်း၌ မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

**အာကာလင်း**
**ဓာတ်ပုံ - အာကာစိုး**

❑ *ကျောဖုံးမှ*

မြန်မာနိုင်ငံအနေဖြင့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် အကြိမ်အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင်ကျင်းပပါက အားကစားနည်းငါးမျိုးတွင်သာ ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း လာမည့်နှစ်သို့ ရွှေ့ဆိုင်းလိုက်သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း အပြောင်းအလဲဖြစ်ဖွယ် ရှိနေသည်။

အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သတ်မှတ်ထားသည့်ကာလတွင် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ နောက်ဆုံးကျင်းပသည့် ၂၀၁၈ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၂၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၂၉ ခု ဆွတ်ခူးရရှိခဲ့သည်။ **ရဲရင့်လွင်**

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့ကအမှား သင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၅ ဒသမ ၅ သန်းနီးပါးရှိလာ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အတည်ပြု ဖြစ်ပွားသူ ၂၆၇၃၃၄ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ မေ ၁၉ ရက်က ကိုဗစ် အတည်ပြုလူနာပေါင်း ၂၅၄၉၆၃၃၀ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် သေဆုံးသူ ၄၅၂၉ ဦးရှိခဲ့ရာ စုစုပေါင်း သေဆုံးသူ ၂၈၃၂၄၈ ဦးအထိ တိုးလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသူ ၃၂၂၆၇၁၉ ဦးရှိသည်။ ဧပြီလကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက် မြင့်တက်လျက်ရှိသော်လည်း လွန်ခဲ့သောရက်အနည်းငယ်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်။



အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ထရီပူရာပြည်နယ် မြို့တော်ဖြစ်သည့် အာဂါတာလာတွင် ရဲတပ်ဖွဲ့ဝင်များက ခရီးသွားလာသူများကို စစ်ဆေးနေစဉ်။

ယခုအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကင်းစင်သွားသူ ၂၁၉၈၆၃၆၃ ဦးရှိသည်။ နိုင်ငံအတွင်းရှိ ပြည်နယ်များတွင် ညမထွက်ရအမိန့်များနှင့် တစ်စိတ်တစ်ပိုင်းအသွားအလာ ကန့်သတ်ပိတ်ဆို့မှုများကြောင့် ကိုဗစ်- ၁၉ ကူးစက်မှု ကျဆင်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်း ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၈၅ သန်းကျော် ထိုးပေးပြီးပြီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ စတင်ခဲ့သည်။ မေ ၁၈ ရက် တစ်နေ့တည်း၌ပင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၃၁၂၁၅၅ လုံး ထိုးပေးခဲ့သည်။

လတ်တလောတွင် တတိယအကြိမ်မြောက် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးမှုများ ဆောင်ရွက်နေကြောင်းသိရပြီး အသက် ၁၈ နှစ်အထက် ရှိသူများအားလုံးကို ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်သည်။

ဆင်ဟွာ

# အစ္စရေးတို့ ဂါဇာကို ထပ်မံလေကြောင်းတိုက်ခိုက်မှုတွင် သတင်းထောက်တစ်ဦးအပါအဝင် ပါလက်စတိုင်း ငါးဦးသေဆုံး

**ဂါဇာ မေ ၁၉**

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှု ထပ်မံပြုလုပ်ရာ ဒေသတွင်း သတင်းထောက်တစ်ဦး အပါအဝင် ပါလက်စတိုင်းငါးဦး မေ ၁၉ ရက်က သေဆုံးခဲ့ကြောင်းနှင့် နှစ်ဖက် အပြန်အလှန်တိုက်ခိုက်နေသည်မှာ ၁၀ ရက်မြောက်ရှိလာပြီဖြစ်ကြောင်း ဆေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ သေဆုံးသွားခဲ့သည့် သတင်းထောက်မှာ ဟားမက်ဦးဆောင် ဂါဇာအခြေစိုက် ရေဒီယိုဌာနတွင် အလုပ်လုပ်နေသူ ယူဆက်ဖ်အဘူဟူစိန်ဖြစ်ကြောင်း သိရသည်။

အစ္စရေး တိုက်ခိုက်ရေးဂျက်လေယာဉ်သည် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ အဆိုပါနေရာကို တိုက်ရိုက်ပစ်ခတ်တိုက်ခိုက်လိုက်သဖြင့် ၎င်းသေဆုံးခဲ့ခြင်းဖြစ်သည်။ နောက်ထပ် ပါလက်စတိုင်း သုံးဦးလည်း အစ္စရေးတို့၏ နောက်ထပ်အရဏ်တက် လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည်။



အစ္စရေးတို့က ဂါဇာမြို့ရှိ အဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်သည့်အတွက် ပေါက်ကွဲမှုကို တွေ့ရစဉ်။

အနောက်ဘက် ဂါဇာမြို့နှင့် ကပ်လျက်ရှိသည့် ရီမေးလ်ရှိ တိုက်ခန်းတစ်ခန်းကိုလည်း လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများနှင့် လုံခြုံရေးသတင်းရင်းမြစ်များက ပြောသည်။

ထို့အပြင် နောက်ထပ်လေကြောင်း တိုက်ခိုက်မှုတစ်ခုတွင် ရှစ်ဦးထပ်မံ ဒဏ်ရာရရှိခဲ့သည်။ အစ္စရေးတိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် လက်နက်ကြီးများသည် ဂါဇာကမ်းမြောင်ဒေသရှိ လမ်းများ၊ တိုက်ခန်းများနှင့် အဆောက်အဦများကို မေ ၁၉ ရက် နံနက်ပိုင်းက တိုက်ခိုက်မှုအများအပြား ပြုလုပ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။

မကြာသေးမီက အစ္စရေးတို့၏ ဗုံးကြဲ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၂၁၉ ဦးသေဆုံးခဲ့ပြီး ၁၅၃၀ ဒဏ်ရာရရှိခဲ့ကြောင်း မေ ၁၉ ရက်က ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ဆင်ဟွာ

# တိုကျိုအားကစားပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို မေ ၁၉**

တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ဆန့်ကျင်ရေးနည်းလမ်းများဖြင့် လုံခြုံစိတ်ချစွာ ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဂျပန်ဝန်ကြီးချုပ်က မေ ၁၉ ရက်တွင် ပြောကြားလိုက်သည်။ ဆူဂါယိုရှီဟီဒဲက မေ ၁၉ ရက်တွင် အထက်လွှတ်တော် မျက်နှာစုံညီအစည်းအဝေး၌ ထိုသို့မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်တလော အရေးကြီးဆုံးဦးစားပေးကိစ္စမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများ၏ အသက်များနှင့် ဘဝများကို ကာကွယ်နိုင်ရေးပင်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောသည်။ အားကစားပြိုင်ပွဲတွင် ပါဝင်ကြမည့် အားကစားသမားများအနေဖြင့် ကိုဗစ်-၁၉ ဆန့်ကျင်ကာကွယ်ရေးနည်းလမ်းများအားလုံး လုပ်ဆောင်ကြရမည်ဖြစ်သောကြောင့် စိတ်အေးချမ်းသာစွာဖြင့် ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ဆူဂါက ပြောသည်။

ဂျပန်အစိုးရသည် အားကစားပွဲများတွင် ပါဝင်မည့်အားကစားသမားများအတွက် အမေရိကန်ဆေးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများ အခမဲ့ထောက်ပံ့မှုကို လက်ခံရရှိထားကြောင်း ဆူဂါက ဆက်လက်ပြောကြားသည်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများကို အားကစားသမားများနှင့် လုံးဝထိတွေ့မှုမပြုရေးကဲ့သို့ တင်းကျပ်သည့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးနည်းလမ်းများကို စဉ်းစားနေကြောင်း ဝန်ကြီးချုပ်က ပြောသည်။

အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစိုးရသည် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူဂါက ပြောသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယတွင် ဆိုင်ကလုန်းကြောင့် သေဆုံးသူဦးရေ ၈၄ ဦးအထိ မြင့်တက်

**နယူးဒေလီ မေ ၁၉**

ကိုဗစ်- ၁၉ ဒဏ်ကို အလူးအလဲခံစားနေရသော အိန္ဒိယနိုင်ငံသို့ ဆယ်စုနှစ်နှစ်စုအတွင်း အပြင်းထန်ဆုံး ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ မေ ၁၉ ရက်က သေဆုံးသူဦးရေ ၈၄ ဦးထက်မနည်းရှိခဲ့ကြောင်းနှင့် အိန္ဒိယရေတပ်သည် ပျောက်ဆုံးနေသူ အလုပ်သမား ၆၅ ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မုန်တိုင်းကြောင့် လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ရာ လျှပ်စစ်မီးပြန်လည်ရရှိရေးကိုလည်း ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ဆိုင်ကလုန်းမုန်တိုင်း တောက်တေးသည် အိန္ဒိယနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းကို မေ ၁၇ ရက်က ဝင်ရောက်ခဲ့ရာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ မုန်တိုင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် စံချိန်တင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် ကြုံတွေ့နေသည့် အိန္ဒိယနိုင်ငံသည် ပို၍ပူးဆွေးသောက ဖြစ်ပေါ်ခဲ့သည်။ အာရေဗျပင်လယ်အတွင်း ပေါ်ပေါက်ခဲ့သော အကြီးဆုံးဆိုင်ကလုန်းမုန်တိုင်း တစ်ခုအဖြစ် ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

၂၆ ပေကျော်သော လှိုင်းလုံးကြီးများသည် ကမ်းလွန်ရေနံထုတ်လုပ်ရာနေရာကို သဲကြီးမဲကြီး ဝင်ရောက်ခဲ့ပြီးနောက် ရေတပ်သင်္ဘောများသည် လူပေါင်း ၆၀၀ ကျော်ကို ကယ်တင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၉ ရက်တွင် ပြောသည်။ သေဆုံးသူ ၂၂ ဦးကို ထပ်မံတွေ့ရှိခဲ့သော်လည်း မိုးထဲရေထဲမျောပါသွားသော အထောက်အကူပေးရေးအဖွဲ့မှ အလုပ်သမား ၆၅ ဦးကို လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။

တစ်နာရီလျှင် လေတိုက်နှုန်း ၁၁၅ မိုင်နှုန်းဖြင့် ဂူဂျာရတ်ကို ဝင်ရောက်တိုက်ခတ်ခြင်းမပြုမီ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာသည့် ပြင်းထန်သည့် မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် အိန္ဒိယနိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် လူ ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။ မုန်တိုင်း ဝင်ရောက်ပြီးနောက် သေဆုံးသူ ၄၂ ဦး ဖြစ်လာကြောင်း ဂူဂျာရတ်အရာရှိများက ပြောသည်။ အိမ်ပေါင်း ၁၆၅၀၀ ပျက်စီးခဲ့ပြီး သစ်ပင်များစွာ အမြစ်မှကျွတ်ထွက်ကုန်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက ၎င်း၏ ဇာတိမြေဖြစ်သော ဂူဂျာရတ်၏ ပျက်စီးမှုများကို လေ့လာဆန်းစစ်မှုများပြုလုပ်ပြီးနောက် မိမိ၏အစိုးရသည် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသော ပြည်နယ်များနှင့်အတူ အနီးကပ်လက်တွဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အေအက်ဖ်ပီ

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၈ ဦး တွေ့ရှိ

## (၁၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၀၆,၃၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၁၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၆) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာ သစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၅၂) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၉) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၁၈) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆၉) ခု | (၅) ဦး |
| စုစုပေါင်း | (၁,၃၇၇) ခု | (၂၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၁၉-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၇၇၄၉၄၅ | ၂၇၂၅၃၃၂၇ | ၆၀၁၃၃၀ |
| ၂။ | အိန္ဒိယ | ၂၅၄၉၆၃၃၀ | ၂၁၉၈၆၃၆၃ | ၂၈၃၂၇၆ |
| ၃။ | ဘရာဇီး | ၁၅၇၃၅၄၈၅ | ၁၄၂၄၇၆၀၉ | ၄၃၉၃၇၉ |
| ၄။ | ပြင်သစ် | ၅၈၉၈၃၄၇ | ၅၁၈၁၄၈၆ | ၁၀၈၀၄၀ |
| ၅။ | တူရကီ | ၅၁၃၉၄၈၅ | ၄၉၇၁၂၄၅ | ၄၅၁၈၆ |
| ၆။ | ရုရှား | ၄၉၆၅၆၇၆ | ၄၅၈၁၇၈၇ | ၁၁၆၉၆၅ |
| ၇။ | ဗြိတိန် | ၄၄၅၀၃၉၂ | ၄၂၈၁၉၄၇ | ၁၂၇၆၉၁ |
| ၈။ | အီတလီ | ၄၁၆၇၀၂၅ | ၃၇၂၇၂၂၀ | ၁၂၄၄၉၇ |
| ၉။ | စပိန် | ၃၆၁၉၈၄၈ | ၃၃၄၂၀၂၄ | ၇၉၅၀၂ |
| ၁၀။ | ဂျာမနီ | ၃၆၁၅၈၉၆ | ၃၃၄၀၄၀၀ | ၈၇၁၄၈ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၅၃၁၀၁ | ၁၆၁၆၆၀၃ | ၄၈၆၆၉ |
| ဖိလစ်ပိုင် | ၁၁၅၉၀၇၁ | ၁၀၈၉၆၁၃ | ၁၉၅၀၇ |
| မလေးရှား | ၄၈၅၄၉၆ | ၄၃၆၁၁၆ | ၂၀၄၀ |
| မြန်မာ | ၁၄၃၁၅၉ | ၁၃၂၁၃၆ | ၃၂၁၆ |
| ထိုင်း | ၁၁၆၉၄၉ | ၇၄၃၆၈ | ၆၇၈ |
| စင်ကာပူ | ၆၁၆၈၉ | ၆၁၁၃၄ | ၃၁ |
| ကမ္ဘောဒီးယား | ၂၃၂၈၂ | ၁၄၉၅၅ | ၁၅၉ |
| ဗီယက်နမ် | ၄၅၇၉ | ၂၆၈၇ | ၃၇ |
| လာအို | ၁၇၃၇ | ၇၀၈ | ၂ |
| ဘရူနိုင်း | ၂၃၅ | ၂၂၂ | ၃ |



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံ မြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၄၆၃၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၃၄၆၃၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၁၇၈၆၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၉၁၂၆၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | တောင်ကြီးမြို့နယ် | ၂၄၅ | ၃၂၄၉၁၃ | ၂၇၉၃၁၅ | ၂၃၃၁၈ | ၂၇၅၁ | ၃၄၆၆၄ |
| ၂ | ညောင်ရွှေမြို့နယ် | ၁၄၃ | ၁၃၇၅၈၃ | ၁၃၀၄၃၄ | ၁၄၇၉၂ | ၇၅၄ | ၁၂၂၀၂ |
| ၃ | ကလောမြို့နယ် | ၁၄၁ | ၁၃၈၇၁၉ | ၁၁၆၃၈၉ | ၁၄၈၈၆ | ၁၀၁၇ | ၁၃၈၈၀ |
| ၄ | ရွာငံမြို့နယ် | ၅၂ | ၆၁၉၃၇ | ၅၆၉၆၃ | ၃၀၂၇ | ၃၂၉ | ၅၇၆၂ |
| ၅ | ပင်လောင်းမြို့နယ် | ၁၄၃ | ၁၃၃၃၀၃ | ၁၂၃၉၁၁ | ၁၀၄၅၄ | ၁၄၉၈ | ၁၅၉၅၈ |
| ၆ | ကွမ်းလုံမြို့နယ် | ၅၈ | ၃၈၁၉၀ | ၃၆၅၀၇ | ၉၇၅၈ | ၆၉ | ၂၀၆၀ |
| ၇ | တန့်ယန်းမြို့နယ် | ၇၉ | ၁၁၁၆၈၆ | ၉၁၁၁၈ | ၄၁၆၃၂ | ၄၆၉ | ၆၇၃၆ |
| | စုစုပေါင်း | ၈၆၁ | ၉၄၆၃၃၁ | ၈၃၄၆၃၇ | ၁၁၇၈၆၇ | ၆၈၈၇ | ၉၁၂၆၂ |


၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၆၁ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၀၃၉၀၄၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၂၆၉၀၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၂၇၄၃၊ မြေပြင်လက်ကျန် ၃၀၁၁၂၈ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၁၄၁၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၀၅၀၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တောင်ကြီးမြို့နယ် | ၂၄၅ | ၃၄၃၇၆၁ | ၂၄၃၃၆၂ | ၁၀၀၃၀၉ | ၉၆၂၀၉ | ၇၈၇၀ | ၃၇၇၀ |
| ၂ | ညောင်ရွှေမြို့နယ် | ၁၄၃ | ၁၅၄၅၇၁ | ၁၁၆၅၆၆ | ၃၈၀၀၅ | ၃၅၄၆၁ | ၂၅၄၆ | ၂ |
| ၃ | ကလောမြို့နယ် | ၁၄၁ | ၁၅၁၃၇၀ | ၁၁၇၈၃၆ | ၃၄၂၂၄ | ၃၁၆၇၉ | ၃၅၈၃ | ၁၇၃၈ |
| ၄ | ရွာငံမြို့နယ် | ၅၂ | ၆၉၄၂၉ | ၅၆၆၉၈ | ၁၂၇၃၁ | ၁၃၅၁၇ | ၃၅၃ | ၁၁၃၉ |
| ၅ | ပင်လောင်းမြို့နယ် | ၁၄၃ | ၁၄၈၈၉၇ | ၁၁၄၇၅၂ | ၃၄၁၄၅ | ၃၄၂၀၄ | ၁၁၈၁ | ၁၂၄၀ |
| ၆ | ကွမ်းလုံမြို့နယ် | ၅၈ | ၄၂၉၈၃ | ၁၉၄၇၃ | ၂၃၅၁၀ | ၂၂၃၃၃ | ၂၇၁၀ | ၁၅၃၃ |
| ၇ | တန့်ယန်းမြို့နယ် | ၇၉ | ၁၂၈၀၃၄ | ၅၈၂၁၅ | ၆၉၈၁၉ | ၆၇၇၂၅ | ၃၁၇၅ | ၁၀၈၁ |
| | စုစုပေါင်း | ၈၆၁ | ၁၀၃၉၀၄၅ | ၇၂၆၉၀၂ | ၃၁၂၇၄၃ | ၃၀၁၁၂၈ | ၂၁၄၁၈ | ၁၀၅၀၃ |

*စာမျက်နှာ ၁၆ သို့*





တောင်ကြီးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။





ပင်လောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

❖ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၁၁၁၆၉၄ ဦး ပိုမိုများပြားနေ

❖ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၁၇၈၆၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ “အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၆၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၉၁၂၆၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ

*စာမျက်နှာ ၁၅ မှ*

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၁၁၆၉၄ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၁၇၈၆၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၈၈၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၉၁၂၆၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည် ။

၈။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၇၂၉၄၅၁ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၇၂၆၉၀၂ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၅၄၉ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၁၄၁၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၀၅၀၃ စောင် တွေ့ရှိရခြင်း၊

(ဃ) အချို့မဲရုံများရှိ မဲစာရင်း ပုံစံ(၁)စာအုပ်များတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည် စသည့်အချက်အလက်များ ဖြည့်သွင်းထားခြင်းမရှိဘဲ မဲပေးခွင့်ပြုထားခြင်း၊

(င) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း။

(စ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID–19 ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

**တရားလွှတ်တော် ရှေ့နေအသင်းမှ ဦးအောင်ရဲစိုးက** မေးမြန်းရာတွင် အရေးပေါ်အခြေအနေ ကြေညာသည့်အချိန်တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော် ဦးဆောင်သည့် အစိုးရအဖွဲ့က ဦးဆောင်ပြီးသည့်အချိန်တွင် အရေးပေါ်ကာလပြီးဆုံးသည့်အချိန်တွင် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အချိန်နှင့် တိုက်ဆိုင်ခြင်းအတွက် လွှတ်တော်က ပယ်ဖျက်ပြီးဖြစ်သည်ဟု မိမိလေ့လာဖူးကြောင်း၊ အခုအချိန်သည် တတိယအကြိမ် လွှတ်တော်သက်တမ်း အစတွင် အရေးပေါ်ကာလဖြစ်သည့်အတွက် အရေးပေါ်ကာလကို သက်တမ်း နှစ်ကြိမ်ဆက်တိုးမည်ဆိုပါက နှစ်နှစ်တာကာလဖြစ်သည့်အတွက် လွှတ်တော်သက်တမ်းသည် ငါးနှစ်ဖြစ်ခြင်းကြောင့် လွှတ်တော်သက်တမ်းသည် သုံးနှစ်သာ ကျန်ရှိမည်ဖြစ်ကြောင်း၊ မိမိသိလိုသည်မှာ အရေးပေါ်ကာလအရ နိုင်ငံတော် တာဝန်အရပ်ရပ်ကို လက်ရှိအစိုးရက တာဝန်ယူသည့်အချိန်တွင် ယာယီသမ္မတ၏ လွှဲအပ်သည့်တာဝန်များ ပြီးဆုံးသည့်အချိန်တွင် နောက်အစိုးရကို ရွေးကောက်ပွဲပြုလုပ်ပြီး ရွေးချယ်မည်လား၊ ပြီးမြောက်ခဲ့ပြီးသော ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များအပေါ်တွင် UEC ကို ကန့်ကွက်လွှာများ တင်ထားသည့် အမှုများအပေါ် လက်ရှိ UEC ကဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး ရလဒ်များအပေါ် အခြေခံသည့် အစိုးရအဖွဲ့ဖြင့်သွားမည်လား၊ အဓိကမှာ ပြီးမြောက်ခဲ့သည့် အငြင်းပွားဖွယ်ရာများ များစွာဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲတစ်ရပ်လုံးကို UEC အနေဖြင့် ဖျက်သိမ်းမှာလား၊ ဖျက်သိမ်းပြီးတော့ အသစ်ပုံစံဖြင့် သွားမှာလား၊ သို့မဟုတ် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီဆုံးဖြတ်ပြီး အစိုးရအသစ် ဖွဲ့နိုင်ရေးကို ဆောင်ရွက်မည်လား သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပထမလွှတ်တော်က သက်တမ်းကုန်ဆုံးသွားသည့်အတွက် အဆိုပါလွှတ်တော်သည် မရှိတော့သည်မှာ ဥပဒေတွင်လည်း ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် တစ်နှစ်ဆိုတာရှိကြောင်း၊ ထို့အပြင် သာမန်အားဖြင့် ခြောက်လ နှစ်ကြိမ်ပေး၍ရကြောင်း၊ ထို့နောက်ပိုင်းတွင် ကာလုံမှ ရွေးကောက်ပွဲကျင်းပရမည်ဟု ပြဋ္ဌာန်းချက်ရှိကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲရလဒ်ကိစ္စနှင့် ပတ်သက်၍ UEC အနေဖြင့် ထုတ်ပြန်ချက်ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့စစ်ဆေးနေဆဲကာလအတွင်း ထုတ်ပြန်ချက်များ ထုတ်ပြန်နေကြောင်း၊ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်များ စစ်ဆေးခြင်း ပြီးစီးမှုအခြေအနေများကိုလည်း တရားဝင် ထုတ်ပြန်မှုများရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း တိတိကျကျ ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** UEC မှ ပြောသွားသည့် အကြောင်းများတွင် နိုင်ငံရေးပါတီများကို ဖိတ်သည့်နေရာမှာ NLD ကိုလည်း ဖိတ်သည်ဟု ပြောသွားပါကြောင်း၊ NLD ကို အခုချိန်ကာလတွင် ဖိတ်ကြားပြီးသွားပြီလား၊ ဘယ်လိုပုံစံမျိုးနဲ့ ဖိတ်ကြားထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သာမန်အားဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီဌာနရှိပါကြောင်း၊ ထိုဌာနအနေဖြင့် ပါတီများ၏ မှတ်တမ်းအဖြစ် ပါတီများ၏ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း၊ မှတ်ပုံတင်အတည်ပြုပေးခြင်း၊ ယာယီအားဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းကိစ္စများကို Case by Case ကိုင်ထားပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ယခုမိမိတို့တွင် ရှိသည့် စာရင်းအတိုင်း ယာယီရပ်ဆိုင်းထားသည့် ပါတီမှအပ ကျန်နေသည့် ၉၁ ပါတီလုံးကို လိပ်မူပြီး သက်ဆိုင်ရာ ပါတီဌာနချုပ်ကို ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ထိုပါတီများ၏ လိပ်စာအတိုင်း အားလုံးပေးပို့ထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** PR စနစ်ကို ကျင့်သုံးမည်ဆိုပါက ထိုကာလအတွက် ပြင်ဆင်မယ့်ကာလကို မည်မျှယူရမည်ဟု မျှော်မှန်းထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ထိုကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်ဆဲကိစ္စဖြစ်ပါကြောင်း၊ PR စနစ်နှင့်ပတ်သက်ပြီး PR စနစ်ကလည်း မျိုးကွဲများစွာရှိသည့်အတွက် မည်သည့် PR စနစ်ကို ကျင်းသုံးမည်၊ မည်သည့်လွှတ်တော်ကို ကျင့်သုံးမည်၊ မည်သည့်ပုံစံမျိုး ကျင့်သုံးမည်ဆိုသည်ကို တိတိကျကျ အဖြေမထွက်သေးပါကြောင်း၊ ထို့ကြောင့် အချိန်အတိအကျမပြောနိုင်သေးပါကြောင်း၊ သင့်တော်သည့်ကာလတစ်ခုယူရမည်ဖြစ်ကြောင်း၊ နောက်ပိုင်းမှာ ထိုကိစ္စနှင့်ပတ်သက်ပြီး အသေးစိတ်သိမှသာ ဖြေကြားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၅/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

❑ **ပထမလွှတ်တော်က သက်တမ်းကုန်ဆုံးသွားသည့်အတွက် အဆိုပါလွှတ်တော်သည် မရှိတော့သည်မှာ ဥပဒေတွင်လည်း ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် တစ်နှစ်ဆိုတာရှိကြောင်း၊ ထို့အပြင် သာမန်အားဖြင့် ခြောက်လ နှစ်ကြိမ်ပေး၍ရကြောင်း၊ ထို့နောက်ပိုင်းတွင် ကာလုံမှ ရွေးကောက်ပွဲကျင်းပရမည်ဟု ပြဋ္ဌာန်းချက်ရှိကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲရလဒ်ကိစ္စနှင့် ပတ်သက်၍ UEC အနေဖြင့် ထုတ်ပြန်ချက်ကြေညာပြီးဖြစ်ကြောင်း**

**Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦးက** ၂၁ ရက်နေ့ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံမှုမှာ တွေ့ဆုံမှုသက်သက်ပဲလား၊ သို့မဟုတ် PR အတွက် ဆွေးနွေးဖို့ဆိုသည်ကို သိလိုပါကြောင်း၊ ယခုကာလတွင် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ မရှိခြင်းကြောင့် ပါတီတည်ဆောက်မည်၊ ထူထောင်မည်ဟု ရည်ရွယ်ထားသည့်သူများအနေဖြင့် အဆိုပါ PR စနစ်အတွက် ဆွေးနွေးရာတွင် ဥပဒေပြဋ္ဌာန်းခြင်းများကို အကြံပြု၍ ဘယ်လိုများရနိုင်မလဲ၊ အရပ်ဘက်အဖွဲ့အစည်းဆိုသည် မှာလည်း ယခင်အစိုးရလက်ထက်တွင် အချို့အဖွဲ့အစည်းများကို ဥပဒေနဲ့ညီပါလျက်နှင့် မှတ်ပုံတင်မချပေးခဲ့ခြင်းလည်း ရှိပါကြောင်း၊ ဆိုင်းငံ့ခြင်း၊ တားမြစ်ခြင်း၊ ချပေးခြင်းမရှိဘဲ ဒီအတိုင်း ထားရှိကြောင်း၊ သို့သော် အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ဥပဒေတွင် မှတ်ပုံတင်မရှိသော်လည်း လုပ်ခွင့်ရှိနေပါကြောင်း၊ ထိုအသင်းအဖွဲ့များက လာရောက်လေ့လာဆွေးနွေးလို့ ရနိုင်ပါသလား သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပါတီများနှင့်တွေ့ဆုံရခြင်းမှာ ပြီးခဲ့သည့်တွေ့ဆုံပွဲတွင် ဆုံးဖြတ်ချက် ၇ ချက်ရှိပါကြောင်း၊ ထိုဆုံးဖြတ်ချက် ၇ ချက်မှာပါသည့် PR စနစ်နှင့်ပတ်သက်ပြီး ပြောကြားခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် PR စနစ်ကိစ္စတစ်ခုတည်းမဟုတ်ပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အခါအားလျော်စွာ သင့်တော်သည့်ကာလတစ်ခုတွင် တွေ့ဆုံပွဲပြုလုပ်ပြီး နိုင်ငံရေးပါတီမှာလည်း ပြီးခဲ့သည့် ရွေးကောက်ပွဲမှာ ဖြစ်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်၍ ၎င်းပါတီများမှာ အတွေ့အကြုံများရှိပါကြောင်း၊ အလားတူ နောင်လုပ်မည့် ရွေးကောက်ပွဲအတွက် ၎င်းတို့၏သဘောထားဆန္ဒများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ရှိပါကြောင်း၊ အလားတူ ၎င်းပါတီများ၏ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံများပြင်ဆင်ခြင်း၊ ပါတီဝင်အင်အားကိစ္စ၊ ပါတီရန်ပုံငွေကိစ္စ၊ ပါတီဖွဲ့စည်းပုံကိစ္စ၊ အလံတံဆိပ်ကိစ္စများ ရှိပါကြောင်း၊ အုပ်ချုပ်မှုကိစ္စများ များစွာရှိပါကြောင်း၊ ထိုကိစ္စများကို အားလုံးဆွေးနွေးတိုင်ပင်ရသည့် သဘောဖြစ်ပါကြောင်း၊ မည့်သည်ကိစ္စဖြစ်ရမည်ဆိုသည်ကို ထိန်းချုပ်ထားခြင်း မရှိပါကြောင်း၊ အားလုံးကို ဖိတ်ထားပြီး ဆွေးနွေး၍ရသည့် အနေအထားမျိုးဖြစ်ပါကြောင်း၊ ရရှိသည့်အချိန်ကန့်သတ်ချက်ထဲတွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

### အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်မည်

နောက်တစ်ခုက အကြံပြု၍ ရမည်ဆိုလျှင် သူ့အဆင့်အတိုင်းသွားမည်ဖြစ်ကြောင်း၊ သွားသည့်အခါမှာ ပထမဦးစွာ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်း၊ ဆွေးနွေးပြီးခါမှ တဖြည်းဖြည်းဖြစ်လာပြီး ထိုမူဘောင်ကို လုပ်လာပြီဆိုလျှင် ကျန်သည့် State holder များ၊ ကျန်သည့်လူများ၊ ကျန်သည့်ပြည်သူများ အပါအဝင် CSO များ၊ တခြားနိုင်ငံရေးပါတီမှတ်ပုံတင်လိုသည့် တခြားအဖွဲ့အစည်းများ၏ သဘောထားများ၊ အယူအဆများလည်း ပါဝင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ အဆင့်လိုက်၊ အပိုင်းလိုက် ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်တစ်ခုကတော့ CSO များ မှတ်ပုံတင်ကိစ္စနှင့်ပတ်သက်ပြီး မိမိတို့နှင့် တိုက်ရိုက် သက်ဆိုင်ခြင်း မဟုတ်ပါကြောင်း၊ ပါတီမှတ်ပုံတင်ခြင်းက မိမိတို့နှင့် Concern ဖြစ်ကြောင်း၊ CSO များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

ဝန်ကြီးဌာနတွင် လျှောက်ထားရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က PR စနစ်အတွက် ဆွေးနွေးမည်ဆိုလျှင် CSO များကို ဖိတ်ကြားမည်ဟု လေးကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားခဲ့ကြောင်း ဟုတ်/မဟုတ် သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဖိတ်ကြားမည်မှာ မှန်ကန်ပါကြောင်း၊ အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပြီးနောက် အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှာလည်း ဒီအတိုင်း ဖြစ်ကြောင်း၊ ပါတီများနှင့်ဆွေးနွေးပြီးသည့်အခါ CSO များ၊ INGO များ အကုန်လုံးပေါင်းပြီး ပိုကောင်းအောင် ဆွေးနွေးခြင်းများရှိကြောင်း၊ မိမိတင်ပြခဲ့သလို အဆင့်လိုက်ဆောင်ရွက်သွားမည့်အနေအထားရှိပါကြောင်း ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ ဒေါက်တာစိုးမြင့်ဦး**က မှတ်ပုံတင်ရှိသည့် CSO များကိုသာ ဖိတ်မည်လား၊ တရားဝင်တည်ရှိနေသည့် CSO များကိုလည်း ဖိတ်ကြားမည်လား သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က CSO များအနေဖြင့် တော်တော်များကြောင်း၊ များသည့်နေရာမှာ မိမိတို့ကော်မရှင်နှင့် ဆက်စပ်လုပ်ကိုင်နေသည့် ကော်မရှင်ကိစ္စအလို့ငှာ ဆောင်ရွက်နေသည့် CSO များရှိကြောင်း၊ CSO အဖွဲ့ပေါင်း ၉၀/၁၀၀ ရှိပါကြောင်း၊ ထိုပုဂ္ဂိုလ်အနေဖြင့် စိတ်ပါဝင်စားလျှင် လုပ်နိုင်ကြောင်း၊ နောက်တစ်ခုက Public အပိုင်းကလည်း Public တို့၊ မီဒီယာတို့ စသည့် အပိုင်းများလည်းရှိပါကြောင်း၊ ထိုကိစ္စများကိုလည်း သူ့အဆင့်နဲ့သူသွားရမည်ဖြစ်ကြောင်း၊ "အားလုံးပါမလား၊ တပေါင်းတည်း လုပ်မလား၊ ဘယ်လိုခွဲလုပ်မလဲ"စသည့် အဆိုပါ Process များကို အခြေအနေအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်**က မြန်မာနိုင်ငံတွင်ရှိသည့် နိုင်ငံပိုင် ဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်အားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုနှင့် စည်းမျဉ်းဥပဒေအောက်တွင် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ဥပဒေစည်းမျဉ်းများဖြင့် ဆောင်ရွက်နေခြင်းကြောင့် ဘဏ်အားလုံးသည် လက်ရှိအခြေအနေအထိ သတ်မှတ်ချက်နှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ စိတ်ချယုံကြည်ပါဆိုသည့် သတင်းထုတ်ပြန်ချက်ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနှင့် တရားဝင်သတင်းထုတ်ပြန်ချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ ပြောမည်ဆိုလျှင် အပ်နှံသူများ၏ငွေများကို မည်သည့်အခြေအနေမဆို ပုဂ္ဂလိကဘဏ်များ၊ မည်သည့်ဘဏ်မဆို ပြန်လည်ပေးအပ်ရန် တာဝန်ရှိသည်ကို ဖော်ပြထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘဏ္ဍာနှင့်ပတ်သက်ပြီး စိတ်ချယုံကြည်စွာဖြင့် ပြည်သူလူထုဆောင်ရွက်ကြရန် ပြောကြားပြီးဖြစ်ကြောင်း၊ ဘဏ်များ ပုံမှန်အခြေအနေ ပြန်လည်ရရှိရန်အတွက် မိမိတို့က လက်ရှိအခြေအနေတွင် ဘဏ်ဝန်ဆောင်မှုများလုပ်နေသည့် Mobile Banking နှင့် Internet banking ရှိပါကြောင်း၊ ကာလတစ်ခုတွင် Internet Connection ပေါ်မှာ မူတည်ပြီး Mobile Data သုံးမရသည့် အခြေအနေဖြစ်သွားသည့် ကာလတစ်ခုတွင် မလိုအပ်ဘဲ ATM စက်တွင် လူတန်းစီတိုးခြင်းများ၊ ဘဏ်များတွင် လူတိုးခြင်းများ ဖြစ်လာကြောင်း၊ တစ်ပြိုင်တည်းမှာပဲ ဘဏ်များကို ပြည်သူလူထု ယုံကြည်မှုရရှိရန်အတွက် ဘဏ်များ၏ ဝန်ဆောင်မှုများကို ပုံမှန်ဖြစ်စေရန် တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါ ဗဟိုဘဏ်အနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပူးပေါင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပံ့ပိုးမှုနှင့် Mobile Data ကို အသုံးပြုပြီးဆောင်ရွက်နိုင်သည့် ငွေရေးကြေးရေးစနစ်များ Application များကို ပုံမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ရန် ကြိုးစားခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဗဟိုဘဏ်အနေဖြင့် ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် ထုတ်ပြန်ခဲ့ကြောင်း။

**လက်ရှိတွင် ပုဂ္ဂလိကဘဏ်အားလုံး၏ Mobile Data ဖြင့် အသုံးပြုလို့ ရပြီဖြစ်**

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက် တွင် ဘဏ်ငါးဘဏ်၊ ၂၉ ရက်တွင် ဘဏ်ခြောက်ဘဏ်နှင့် လက်ရှိအခြေအနေတွင် ပုဂ္ဂလိကဘဏ်အားလုံး၏ Mobile Data ဖြင့် အားလုံး အသုံးပြုလို့ရပြီဖြစ်ကြောင်း၊ ယင်း Application နှင့်ပတ်သက်ပြီး ယခင်ကဘဏ်များတွင် ပြဿနာဖြစ်နေသည်မှာ Transfer လုပ်လို့မရကြောင်း၊ ငွေကို တစ်ယောက်နှင့်တစ်ယောက် လွှဲလို့မရကြောင်း၊ Transfer လုပ်ရန်အတွက် ဘဏ်မှာသွားတန်းစီရကြောင်း၊ တန်းစီရန်အတွက် တုံကင်ယူရသည့် ပြဿနာများဖြစ်ခဲ့ကြောင်း၊ ပြီးခဲ့သည့်အပတ်မှာပဲ Mobile Application များအားလုံးအဆင်ပြေအောင် ဆောင်ရွက်ပြီးဖြစ်ခြင်းကြောင့် ငွေသားကန့်သတ်ချက် မရှိဘဲ Bank to Bank လိုအပ်သည့် Transfer ကို မိမိတို့ဖုန်း Application မှ လုပ်လို့ရပြီး ဖြစ်ပါကြောင်း၊ ထို့အတူ ငွေသားများ တစ်ယောက်နှင့်တစ်ယောက် ပေးပို့လွှဲခြင်း၊ တစ်ယောက်နှင့် တစ်ယောက်ရရန်၊ ပေးရန်ရှိခြင်းကိုလည်း အဆိုပါ Application များဖြင့် လွှဲလို့ရပါကြောင်း၊ KBZ Pay , CB Pay ,AYA Pay စသည်ဖြင့် ဘဏ်ထဲတွင် Payment System Application ရှိပါကြောင်း၊ ယင်း Application များတွင် ယခင်က Internet Connetion ရမှ သုံးလို့ရခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် Internet Connetion နှင့် မဆိုင်ဘဲ Mobile Data ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသည့် Telenor, Ooredoo,MPT, Mytel စသည်ဖြင့် ယခု တက်ရောက်လာသည့် ပုဂ္ဂိုလ်များ သုံးနေသည့် ဆင်းကတ်များ၏ Cellular Data ကို ဖွင့်ခြင်းဖြင့် 3G, 4G သုံးလို့ရလျှင် ယင်း Function များ အကုန်သုံး၍ရကြောင်း၊ ထို့ကြောင့် ဆက်စပ်မှုများရှိကြောင်း၊ နောက်ပေးမယ့် Payment System Development လုပ်နေခြင်းများ၊ public ၏ အပ်နှံထားသည့် deposit များအပေါ် ယုံကြည်အောင် အာမခံထားသည့် အခြေအနေများ၊ ၎င်းတို့သုံးစွဲနိုင်သည့် လှည့်ပတ်ငွေများ၏ ရာခိုင်နှုန်းများကို ယခင်ထက် ပိုမိုပြီး ပြည်သူလူထုကို ငွေကြေး ပြန်လည်ပတ်မှုဖြစ်အောင် ဆောင်ရွက်သည့် အပိုင်းများဖြစ်ပါကြောင်း၊ ဘဏ်များ ပြိုလဲမသွားရန်ဆိုသည့်ကိစ္စရပ်မှာ ဘဏ်အပေါ်တွင် မိမိတို့က စည်းမျဉ်းစည်းကမ်းနှင့်အညီ ကြပ်မတ်နေသလို လက်ရှိမိမိတင်ပြသွားခြင်းများသည် ပုံမှန်အခြေအနေရောက်အောင် ဆောင်ရွက်နေမှုများဖြစ်ပါကြောင်း၊ မေလ ၃ ရက်နေ့က စတင်ပြီး ဖွင့်လှစ်ပေးသည့် စာရင်းသစ်များမှာလည်း ငွေသားအပ်နှံမှုများပြုခြင်း၊ အကန့်အသတ်မရှိ ထုတ်နိုင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဘဏ်များတွင် ငွေများကို ကန့်သတ်ချက်ဖြင့် ထုတ်နေရခြင်းကို ဘယ်အချိန်မှ ဖြေလျှော့ပေးမလဲဆိုသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဘဏ်များ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာပြီ ဖြစ်ခြင်းကြောင့် မကြာခင် ဖြေလျှော့သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**Sankei Shinbon သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာဇော်သန်း**က ရန်ကုန် ATM စက်များတွင် လူများများနေပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ATM စက်ငွေထုတ်ပေးခြင်းသည်လည်း တစ်ကတ်ကို နှစ်သိန်းပဲရှိပါကြောင်း၊ ထုတ်ပေးသည့် ငွေပမာဏကိုများ၍ အချိန်ကာလကို တိုတောင်းအောင် ချုံ့လိုက်ပြီး လူဦးရေနည်းသွားအောင် လုပ်နိုင်သည့် အစီအစဉ်များ

**❖ ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ပိုမိုပြီး အထောက်အကူဖြစ်စေရန်အတွက် ဗဟိုဘဏ်ရှိ ဘဏ်ထဲမှ မြန်မာကျပ်ငွေနှင့် ဗဟိုဘဏ်မှာ ထိန်းသိမ်းထားရှိသည့် ငွေများရှိပါကြောင်း၊ ယင်းထိန်းသိမ်းထားသည့်ငွေများ၏ သီးသန့်ငွေလိုအပ်ချက်ကို Customer များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အပ်နှံငွေနှင့် ယခင်က ၃ ဒသမ ၅ ရာခိုင်နှုန်းထားပါကြောင်း၊ လက်ရှိ ၃ ရာခိုင်နှုန်း ထပ်မံပြင်ဆင်လျှော့ချလိုက်ကြောင်း၊ ထိုအရာသည် ငွေကြေးမူဝါဒအရ ဘဏ်များကို ငွေဖြည့်လွယ်ကူရန် ပြင်ဆင်ဆောင်ရွက်ခြင်းကိစ္စဖြစ်**

တစ်ယောက်နှင့်တစ်ယောက် ပေးစရာရှိခြင်းများ၊ Transfer လုပ်ခြင်းများ၊ အားလုံးကို ကြည့်နိုင်သလို Bank ထဲတွင် Statement ကအစ ပြန်စစ်နိုင်သည့် Application ဖြစ်ကြောင်း၊ ထိုအရာအားလုံးကို ပြီးခဲ့သည့်အပတ်မှစတင်ပြီး ဘဏ်အားလုံးကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ငွေသားကိုထုတ်ယူမှ အလုပ်ဖြစ်မည်မျိုး မဟုတ်ဘဲနှင့် Mobile ကို အသုံးပြုပြီး မိမိပေးစရာ၊ ချေစရာရှိခြင်းများကို လုံခြုံမှုရှိစွာနှင့် ပုံမှန်အတိုင်း ဆောင်ရွက်၍ရပြီဖြစ်ကြောင်း။

**ဘဏ်များကို ငွေဖြည့်လွယ်ကူရန် ဆောင်ရွက်ခြင်းကိစ္စဖြစ်**

နောက်တစ်ခုအနေဖြင့် ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ပိုမိုပြီး အထောက်အကူ ဖြစ်စေရန်အတွက် ဗဟိုဘဏ်ရှိ ဘဏ်ထဲမှ မြန်မာကျပ်ငွေနှင့် ဗဟိုဘဏ်မှာ ထိန်းသိမ်းထားရှိသည့် ငွေများရှိပါကြောင်း၊ ယင်းထိန်းသိမ်းထားသည့်ငွေများ၏ သီးသန့်ငွေလိုအပ်ချက်ကို Customer များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အပ်နှံငွေနှင့် ယခင် က ၃ ဒသမ ၅ ရာခိုင်နှုန်းထားပါကြောင်း၊ လက်ရှိ ၃ ရာခိုင်နှုန်း ထပ်မံပြင်ဆင် လျှော့ချလိုက်ကြောင်း၊ ထိုအရာသည် ငွေကြေးမူဝါဒအရ ဘဏ်များကို ငွေဖြည့်လွယ်ကူရန် ပြင်ဆင်ဆောင်ရွက်ခြင်းကိစ္စ ဖြစ်ကြောင်း၊ ဒါတွေဟာ ဘာနဲ့ဆက်စပ်သလဲဆိုရင် ဘဏ်တွေ ဘယ်လောက်ခိုင်မာသလဲ၊ ပြီးတော့ မပြိုလဲအောင် ဘာလုပ်နေတယ်ဆိုတာတွေက ဒီပုဒ်မအရ ဒါဖြစ်ပါတယ်ဆိုတာ ပြောလို့မရပါကြောင်း၊ အကြောင်းအရာတွေသည်ဟု ကြေညာခဲ့ကြောင်း၊ ယင်းငွေသားများသည် ကြေညာလိုက်သည့် အချိန်တွင် ဘဏ်စာရင်းအသစ်ဖွင့်ပြီး ငွေသားအပ်နှံနိုင်ခြင်း၊ ယင်းအပ်နှံသည့်ငွေများကိုလည်း အကန့်အသတ်မရှိ ထုတ်နိုင်ခြင်း၊ Transfer လုပ်နိုင်ခြင်း၊ Cheque ဖြင့် သွားထုတ်မည်ဆိုလျှင်လည်း ငွေသားအပြည့် ထုတ်ပေးမည်ဖြစ်ကြောင်း၊ PO ဖြင့် ထုတ်မည်ဆိုလည်း ငွေသားအပြည့် ထုတ်ပေးမည်ဖြစ်ကြောင်းကို ကြေညာခဲ့ကြောင်း၊ သို့သော် တကယ့်လက်တွေ့တွင် ဘဏ်များကို ထပ်ပြီး ညွှန်ကြားချက်ထုတ်ထားပါကြောင်း၊ ဘဏ်စာရင်းဖွင့်ရန် အခက်အခဲရှိခြင်းကြောင့် ယခင်စာရင်းအဟောင်းမှာပဲ မေလ ၃ ရက်နေ့မတိုင်ခင် စာရင်းနှင့် မေလ ၃ ရက်ပြီးနောက်ပိုင်းစာရင်း နှစ်ပိုင်းခွဲ၍ မေလ ၃ ရက်နောက်ပိုင်း စာရင်းများကို အကန့်အသတ်မရှိ ပြန်လည်ထုတ်ယူနိုင်ခြင်း၊ လွှဲပြောင်းသည့်ငွေကိုလည်း မြန်မာပြည် ဘယ်ဒေသမဆို ရန်ကုန်ကနေပြီး ငွေသားသိန်းတစ်ထောင်ထည့်ထားပြီး သိန်းငါးရာအား ပုသိမ်ကို ယခင်လိုပဲ Transfer ဖြင့်လွှဲလျှင် ပုသိမ်က ထုတ်မည့်သူသည် ငွေသားသိန်းငါးရာ ထုတ်ခွင့်ရမည်ဖြစ်ကြောင်း၊ မူလကန့်သတ်ချက်နှင့် မဆက်စပ်ဘဲ ဆောင်ရွက်ပေးသည့်အစီအစဉ်ဖြစ်ကြောင်း၊ ပုံမှန်ဆောင်ရွက်နေသည့် ငွေသွင်း/ငွေထုတ်ခြင်းများလည်း ပုံမှန်ဆောင်ရွက်၍ရနေကြောင်း၊ ATM စက်များတွင် ငွေသားပြတ်လပ်မှုမရှိအောင် လက်ရှိအခြေအနေတွင် ဘဏ်အသီးသီးကို မိမိတို့ ညွှန်ကြားထားသလို မိမိတို့ဘက်ကလည်း ပံ့ပိုးပေးရှိနိုင်မလား သိလိုပါကြောင်း မေးမြန်းသည်။

**မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဝင်းသော်**က ATM စက်များတွင် လူများ များသွားသည့်ကိစ္စရပ်သည် သတင်းစာရှင်းလင်းပွဲတွင် မိမိတို့ မကြာခဏပြောနေခြင်းများ ရှိပါကြောင်း၊ ပုံမှန်မဟုတ်သည့်အခြေအနေ၊ နိုင်ငံရေးအပြောင်းအလဲ အခြေအနေများတွင် အခြားပယောဂများပါဝင်ပြီး မိမိတို့လို၍ ငွေထုတ်ခြင်းထက် အနှောင့်အယှက်ဖြစ်ရန် ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ပုဂ္ဂလိက ဘဏ် ၂၆ ဘဏ် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ယခု လူဦးရေအတိုင်း ဖြစ်ပါကြောင်း၊ ယခုဘဏ်၊ ယခုလူဦးရေ၊ ယခုစီးပွားရေးသာဖြစ်ပါကြောင်း၊ ထိုလူများသည် ပုံမှန်ငွေထုတ်၍ရသလို ပုံမှန်ငွေအပ်နိုင်ပါကြောင်း၊ ATM စက်တွင်လည်း လူ လေး၊ ငါး၊ ခြောက်ဦးထိ မပိုသည့် အခြေအနေဖြစ်ပါကြောင်း၊ ထိုအခြေအနေအပေါ်တွင် မူတည်ပြီး ရိုးရိုးသားသား ထုတ်လိုသူနှင့် ဘဏ်များကို ယုံကြည်မှုပျက်ပြားစေရန် ပူးပေါင်းလုပ်ဆောင်သည့် အခြေအနေဖြစ်လာသောကြောင့် မိမိတို့အနေဖြင့် ကန့်သတ်ချက်များ ထုတ်ရပါကြောင်း၊ အချို့သူများသည် ATM ကတ် ၁၀ ခုခန့်ကိုင်ဆောင်ပြီး တန်းစီထုတ်သည့် ပြဿနာရှိပါကြောင်း၊ ထိုအရာကို ကြည့်ခြင်းအားဖြင့် ထိုသူသည် ရိုးသားစွာ ထုတ်ရန်အတွက် ဆောင်ရွက်ခြင်း မဟုတ်နိုင်ပါကြောင်း၊ ပြည်သူလူထုသည် ၎င်းတို့ အခက်အခဲများရှိသည်ကို

*စာမျက်နှာ ၂၀ သို့*

# ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီများအား လုပ်ငန်းတာဝန်များ တွေ့ဆုံမှာကြား

**လွိုင်ကော် မေ ၁၉**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်နယ်၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီများအား စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ တွေ့ဆုံမှာကြားနိုင်ရေး အခမ်းအနားကို မေ ၁၈ ရက်က ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ပြည်နယ်၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီများအား စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဦးက စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ဝင်များ၏ ထားရှိရမည့် လုပ်ငန်း ရည်မှန်းချက်များ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အခွန်အပြည့်အဝရရှိရန်နှင့် ရရှိသည့်ဝင်ငွေများကို စနစ်တကျ စီမံခန့်ခွဲပြီး ပြည်သူများအတွက် ပြန်လည်အသုံးပြုရမည် ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြလူနေမှုစနစ်များ မြင့်မားလာစေရန်အတွက် စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ဝင်များ၏ တာဝန်များဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် တင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဒေးဒရဲမြို့၌ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်စေရေး အားကစားသင်တန်းဖွင့်လှစ် သင်ကြားပေး

**ဒေးဒရဲ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ကျောင်းသားလူငယ်များ ကျန်းမာကြံ့ခိုင်စေရန် အားကစားနည်းငါးမျိုးကို မေ ၁၀ ရက်က စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယနေ့အထိ ဆက်လက်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ ဘော်လီဘောနှင့် တင်းနစ် စသည့် အားကစားနည်းငါးမျိုးကို ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးလာစေရန်နှင့် ရပ်ကွက်ပေါင်းစုံ၊ ကျောင်းပေါင်းစုံမှ ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကာလမှာ မေ ၁၀ ရက်မှ ၂၄ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅၀ တက်ရောက်လျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၉ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၆၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၅၀၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၆၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၅၀၅၉၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | | လက်လီစျေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၈၀ | ကျပ် |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်စျေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂၉၁၇ | ၂၁၀၈၄၇၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၅၉၃၈ | ၂၀၇၈၃၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁၆ | ၉၀၄၈၀၀ |
| FPB | ၂၀၀၀၀ | ၁၉၅၀၀ | ၈၇ | ၁၆၉၉၅၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၅၂ | ၁၄၃၄၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၁၀၉ | ၃၂၇၀၀၀ |

ညီညီ - စုစည်းသည်




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဖလား (၅) ခရိုင် အမျိုးသား အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

မကွေး မေ ၁၉

၂၀၂၂ ခုနှစ် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဖလား (၅) ခရိုင် အမျိုးသား အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မကွေးခရိုင် အားကစားကွင်း၌ မေ ၁၇ ရက်က ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် မင်းဘူးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက်ကြည့်ရှုအားပေးပြီး ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက် ဗိုင်းဆုရရှိသော မကွေးခရိုင်အသင်းကို ဆုကလပ်နှင့် ငွေသားဆု ချီးမြှင့်ပေးအပ်သည်။




### သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်ရေး

မြန်မာ့ဘောလုံးအားကစား ကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှု စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်များ ပိုမို ထွန်းကားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ် သွေးသစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ သက်တန်းအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား (၅)ခရိုင် အမျိုးသားအသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲကို မေ ၇ ရက်က စတင်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင် (၅) ခရိုင်မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် မင်းဘူးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မကွေးခရိုင် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဆုဖလားရရှိကာ ဆုပေးပွဲ အခမ်းအနား ဆက်လက်ကျင်းပသည်။

အဆိုပါ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ၂၅ မြို့နယ် ၂၁ နှစ် အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲတွင် ပထမဆု ဆွဲပြား၊ ဆုကလပ်နှင့် ငွေသား ငွေကျပ် ၅၀၀၀၀၀ ကို လည်းကောင်း၊ ဒုတိယဆု ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် ၄၀၀၀၀၀ ကို လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အတန်းလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တစ်ဦးလျှင် ဆွဲပြား၊ ဆုကလပ်နှင့် ငွေကျပ် ၂၅၀၀၀ စီတို့အား တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုလောမြို့နယ် ဝေါ်လ်ဗီရှင်းမှ လိုအပ်ချက်ရှိသော ကျေးရွာများမှ ကလေးများနှင့် မိသားစုဝင်များအား ဆန်တစ်အိတ်စီ ထောက်ပံ့

ပုလော မေ ၁၉

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဝေါ်လ်ဗီရှင်းမှ ပုလောမြို့နယ်အတွင်းရှိ စီမံချက်ဝင်ကျေးရွာ ၂၉ ရွာမှ လိုအပ်ချက်ရှိသော ကလေးများနှင့် မိသားစုဝင်များအား ဆန်များထောက်ပံ့ပေးလျက်ရှိရာ မေ ၁၈ ရက်က ဂျင်းနီကျေးရွာ၌ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်စီ ထောက်ပံ့ပေးသည်။

### ရိက္ခာပြတ်လပ်မှု မဖြစ်စေရန် ပေးအပ်

ထိုသို့ ထောက်ပံ့ပေးရာတွင် ပုလောမြို့နယ်အတွင်းရှိ စီမံချက်ဝင်ကျေးရွာများမှ လိုအပ်ချက်ရှိသော ကလေးများနှင့် မိသားစုဝင်များ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်နှင့် မိုးရာသီအတွင်း ရိက္ခာပြတ်လပ်မှုမဖြစ်စေရန် ရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်ကြောင်း ပုလောမြို့နယ် ဝေါ်လ်ဗီရှင်းတာဝန်ခံ မနော်သိန်းစိန်ထံမှ သိရသည်။

### တာဝန်ခံများက ပေးအပ်

အဆိုပါနေ့တွင် ပုလောမြို့နယ် အတွင်းရှိ ဆားခဲ၊ ဂျင်းနီ၊ ဒုရင်းပင်ရှောင်၊ တောင်ယာကမ်းနှင့် မြဒေါင်ကျေးရွာများမှ လိုအပ်ချက်ရှိသော ကလေးများနှင့် မိသားစု ၂၇၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ၂၄ ပြည်ဝင် ဆန်တစ်အိတ်စီကို ဝေါ်လ်ဗီ ရှင်းအဖွဲ့ဝင် ကျေးရွာတာဝန်ခံများက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ပုလော (ပြန်/ဆက်)

*စာမျက်နှာ ၁၈ မှ*

> **❑ မလိုအပ်ဘဲ ဘဏ်ကို သွားစရာမလိုကြောင်း၊စိတ်ချယုံကြည်စွာနှင့် Digital Banking Application များကို သုံးလို့ရပြီဆိုလျှင် ရာခိုင်နှုန်းအရ တန်းစီခြင်းများ၊ မလိုအပ်ဘဲ ငွေထုတ်ယူခြင်းများ ရှိတော့မည်မဟုတ်ကြောင်း၊ ယုံကြည်စွာနှင့် ငွေများကို မူလအတိုင်း ပြန်အပ်နေပြီဆိုလျှင် Banking ကိစ္စနှင့် ပတ်သက်၍ ကန့်သတ်သည့်အချိန်သည် ၎င်း Data များအပေါ် မူတည်ပြီး တိုတောင်းသွားမည်ဖြစ်**

မိမိတို့သိပါကြောင်း၊ ၎င်းနေရာတွင် တစ်နေကုန်နေပြီး ပိုက်ဆံထုတ်၍ မရခြင်းသည် မိမိတို့တွင်လည်း တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် အချိန်ကိုလည်း တိုတောင်းရန်၊ ပိုက်ဆံကိုလည်း များများထုတ်နိုင်ရန်အတွက် စီစဉ်နေပါကြောင်း၊ မိမိတို့ဖုန်းမှာ Banking Application များထည့်သွင်းပြီး Mobile Data ဖွင့်ရုံဖြင့် ငွေသွင်း၊ ငွေထုတ်လုပ်လို့ရကြောင်း၊ Wave Money၊ My ပိုက်ဆံ၊ OK$၊ MPT Money စသည့် Mobile Financial Service များ အားလုံးကိုလည်း Application သုံးလို့ ရပြီဖြစ်ကြောင်း၊ ငွေလို၍ ငွေထုတ်လိုလျှင် Mobile Financial Service များ၏ အေးဂျင့်များထံတွင် ထုတ်၍ရအောင် System အရ ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း၊ အစောပိုင်းအခြေအနေတွင် ထိုသို့ထုတ်၍ မရခြင်းကြောင့် ATM တွင် လူများနေခြင်း ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် Mobile Service များတွင် ငွေထုတ်နိုင်ရန်အတွက် ပြန်လည်ဆောင်ရွက်ထားပါကြောင်း၊ ထို့အပြင် အေးဂျင့်များအနေဖြင့် ဘဏ်များတွင် ငွေထုတ်သည့်အခါတွင် လွယ်လွယ်ကူကူ ထုတ်နိုင်ရန်အတွက် အေးဂျင့်များ၏ ထုတ်ယူသည့်ငွေများကို ကန့်သတ်ထားခြင်း မရှိပါကြောင်း။

### မလိုအပ်ဘဲ တန်းစီရန်မလို

၎င်းတို့ တင်ပြလာသည့် ငွေပမာဏကို အတိုင်းအတာတစ်ခုထိ ထုတ်ပေးရာတွင် လိုချင်သည့်သူများသည် လွှဲပြောင်းပြီး ထုတ်ယူ၍ ရပါကြောင်း၊ Mobile Application များ ပြန်လည်အသုံးပြု၍ ရနေသည့်အခါတွင် ATM တွင် လူများ အလိုလို လျော့ကျသွားမည်ဖြစ်ပါကြောင်း၊ ATM များတွင် ငွေသား မပြတ်ရန်အတွက် ထပ်မံဖြည့်သွင်းမည့် ကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုအခါ ဘဏ်များတွင်လည်း မလိုအပ်ဘဲ တန်းစီရန် မလိုကြောင်း၊ မိမိတို့ လိုအပ်နေသည့် ငွေများကို Application များဖြင့် အသုံးပြုခြင်း၊ အပ်နှံသူများသည်လည်း အကောင့်သစ်များဖွင့်ပြီး အကန့်အသတ်မရှိ ထုတ်ယူရရှိနေပြီ ဖြစ်ခြင်းကြောင့် Banking System သည် ပုံမှန်လည်ပတ်သွားမှာဖြစ်ပါကြောင်း၊ အစောပိုင်းကာလတွင် ဘောပယောဂများနှင့် အခြားသောအကြောင်းအချက်များကြောင့် Banking System ကြီးကို Attack လုပ်သည့်သဘောဖြစ်ခြင်းကြောင့် လူများသည် ဘဏ်များကိုကျော်ခိုင်း၍ Banking Application သည်လည်း အသုံးပြု၍မရခြင်း၊ တိုက်ရိုက်ငွေထုတ်လိုခြင်းများကြောင့် ယုံကြည်မှုသည် အလိုလို ပျက်ပြားခဲ့ရကြောင်း။

ယခုအခါ ယုံကြည်မှုကို တည်ဆောက်ရာတွင် ယုံကြည်မှုများ ရလာပြီဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်အပတ်က ငွေသားအသစ် ပြန်အပ်ငွေသည် ဘီလီယံ ၂၀၀ ကျော်ပါကြောင်း၊ တစ်ပတ်အတွင်းမှာ ဘီလီယံ ၂၀၀၊ ၂၅၀ ခန့်ရှိကြောင်း၊ ဒီ message ကိုကြည့်ခြင်းအားဖြင့် public သည် မိမိတို့ Banking ထဲကို Participation လုပ်လာပြီဖြစ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်မှုသည်လည်း မိမိတို့ဘက်ကို ပူးပေါင်းလာကြောင်း၊ မိမိတို့သည် ယာယီချို့ယွင်းခဲ့သည့် Internet နှင့် ပတ်သက်သည့်ကိစ္စများကို ပူးပေါင်းဆောင်ရွက်ပြီး Mobile Data နှင့် သုံးလို့ရပြီဖြစ်ကြောင်း။

ထို့ကြောင့် မလိုအပ်ဘဲ ဘဏ်ကို သွားစရာမလိုကြောင်း၊ စိတ်ချယုံကြည်စွာနှင့် Digital Banking Application များကို သုံးလို့ရပြီဆိုလျှင် ရာခိုင်နှုန်းအရ တန်းစီခြင်းများ၊ မလိုအပ်ဘဲ ငွေထုတ်ယူခြင်းများ ရှိတော့မည်မဟုတ်ကြောင်း၊ ယုံကြည်စွာနှင့် ငွေများကို မူလအတိုင်း ပြန်အပ်နေပြီဆိုလျှင် Banking ကိစ္စနှင့်ပတ်သက်၍ ကန့်သတ်သည့်အချိန်သည် ၎င်း Data များအပေါ် မူတည်ပြီး တိုတောင်းသွားမည်ဖြစ်ကြောင်း၊ မည်သည့်အချိန်မှာ ငွေထုတ်ရာတွင် စောင့်ရသည့် အချိန်တိုတောင်းသွားမလဲဆိုခြင်းသည် အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်ပါကြောင်း၊ မည်သည့်နည်းနှင့်မဆို ဒီ Banking System သည် Normally Circulation သွားနေလျှင် အားလုံး စိတ်ချမ်းသာမည်ဖြစ်ကြောင်း၊ အားလုံးစိတ်ချမ်းသာသည့် Banking System ဝင်လာပြီဆိုလျှင် ကန့်သတ်ချက်များ၊ အဆင်မပြေမှုများ အားလုံးပြီးသွားမည်ဖြစ်ပါကြောင်း၊ ရှေ့လာမည့်လများတွင် အားလုံးပုံမှန်ဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ အဆင်မပြေမှုများလည်း ရှိနိုင်ပါကြောင်း၊ ဘဏ်များတွင်လည်း ချို့ယွင်းချက်များ ရှိနိုင်ပါကြောင်း။

ဘဏ်အချို့နှင့် ဘဏ်ဝန်ထမ်းအချို့သည်လည်း ရိုးသားမှု မရှိခြင်းတို့ကြောင့် ထိုမရိုးသားမှုကို အခြေခံပြီး ပြည်သူလူထုအပေါ် တာဝန်ရှိသည့် ဗဟိုဘဏ် အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အပြစ်တင်ခြင်းများရှိပါကြောင်း၊ လက်ရှိ အဖွဲ့ဖွဲ့ပြီး စစ်ဆေး၍ မသမာမှုလုပ်သည့်သူများ၊ Wave Money များတွင် ရာခိုင်နှုန်းဖြင့် ဝန်ဆောင်ခပိုယူသည့်သူ အားလုံးကို အရေးယူဆောင်ရွက်မှု လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ချက်ချင်း အရေးမယူသေးပါကြောင်း။

### ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိ

နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုသာ လိုလားပါကြောင်း၊ Banking System ကိုသုံးမှသာလျှင် နိုင်ငံတော်က တည်ငြိမ်မည်ဖြစ်ပါကြောင်း၊ မည်သည့်အစိုးရတက်တက် ပြည်သူလူထုသည် အေးချမ်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတည်ငြိမ်ရန်အတွက် Banking System နှင့် ငွေရေးကြေးရေးကဏ္ဍ တိုးတက်တည်ငြိမ်နေမှဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်စေရန် အစိုးရက ပံ့ပိုးပေးနေပါကြောင်း၊ ဗဟိုဘဏ်မှဦးစီးပြီး ဘဏ်လုပ်ငန်းများ လုပ်နေပါကြောင်း၊ ဘဏ်များ ပြိုလဲစရာ မရှိပါကြောင်းနှင့် လက်ရှိအခြေအနေသည် ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ မကြာမီအချိန်တွင် ပြည်သူလူထုသည် လုပ်ငန်းအခြေအနေ နားလည်မှုအရ အစိုးရဗဟိုဘဏ်၏ ဆောင်ရွက်မှုအပေါ်တွင် နားလည်မှုဖြင့် ဆောင်ရွက်လာသည့် သင်္ကေတသည် ပြီးခဲ့သည့်အပတ်က အထောက်အထားနှင့် ပမာဏရရှိလာပြီ ဖြစ်သည့်အတွက်ကြောင့် မကြာမီကာလတွင် ကန့်သတ်ချက်အားလုံးကို တစ်ခုပြီးတစ်ခုဖြေလျှော့ပြီး ပြည်သူလူထု အဆင်မပြေသည့် ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၁၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ် မေ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၈ စီး၊ သွင်းကုန် ၁၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၂၃ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Wheel Rims (Used) 50 Pcs ၊ ရေပိုက် (၂၀၀ မီတာ) 8 Pkgs နှင့် Lady Slipper 347 Pain Kid Slipper 96 Pain Lady T-Shirt 960 PCs ၊ Lady Blouse 254 Pcs အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လာရောက်အပ်နှံ

နေပြည်တော် မေ ၁၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများက ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ မေ ၁၈ ရက်က လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့ အပ်နှံရာတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်သားမြို့ မြို့မအနောက်ရပ်ကွက်မှ လက်လုပ်လေသေနတ် သုံးလက်ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာမှ လက်လုပ်သေနတ်တစ်လက်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မိုင်းတုံးတာကြီးကျေးရွာအုပ်စုနှင့် တိုက်မွန်းကျေးရွာအုပ်စုတို့မှ တူမီးသေနတ် အလက် ၂၀ နှင့် လက်လုပ်လေသေနတ်တစ်လက်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သက်ကယ်ပြင်ကျေးရွာမှ လက်လုပ်သေနတ်လေးလက်ကိုလည်းကောင်း ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြသည်။

ထိုသို့ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ  ၁၉**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ယုယုကျော် | အထက်တန်းပြ၊ အထက(၁)၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၂ | ဦးဇော်ပြည့်ဖြိုး | အထက်တန်းပြ၊ အထက(၁)၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်နန်းထက်မြတ်မွန် | အထက်တန်းပြ၊ အထက(လင်းခေး)၊ လင်းခေးမြို့နယ် | မောက်မယ်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၄ | ဦးစိုင်းအိုက်ဟိုင်း | အထက်တန်းပြ၊ အထက(၃)၊ ကျိုင်းတုံမြို့၊ | ဟုမ္မလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ထက်မွန်မြင့် | အထက်တန်းပြ၊ အထက(မုန်း)၊ ကျောက်ကြီးမြို့နယ် | ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်တင်လေးနွယ် | မူလတန်းပြ၊ အထက(၁)၊ လက်ပံတန်းမြို့ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးမျိုးသီဟ | အထက်တန်းပြ၊ အထက-ခွဲ(မြို့ဟောင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်မြတ်သူစံ | အထက်တန်းပြ၊ အထက-ခွဲ (ကြက်ယက်တွင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်မေမြတ်မွန် | အထက်တန်းပြ၊ အထက(ကမြောကင်း)၊ လောင်းလုံးမြို့နယ် | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးလွင်မျိုးကိုကို | အထက်တန်းပြ၊ အထက(ကျောက်နီမော်)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ  ၁၉**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက် အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါသူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ထက်ထက်အောင် (အထက်တန်း သူနာပြု) | သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ | သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်သန်းသန်းကျော် (အထက်တန်း သူနာပြု) | ဇလွန် ပြည်သူ့ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်မိုးမိုးခိုင် (အထက်တန်း သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ပွင့်ဖူးခိုင် (အထက်တန်း သူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်မြလေးရီ (အထက်တန်း သူနာပြု) | မော်လမြိုင် ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါ်ငြိမ်းငြိမ်းလတ် (အထက်တန်း သူနာပြု) | ရေတ်ကောင်း တိုက်နယ်ဆေးရုံ | ရေတ်ကောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်အိဇင်ဖြိုး (အထက်တန်း သူနာပြု) | ကျောက်မဲမြို့နယ်၊ ပုံပိုးတိုက်နယ်ဆေးရုံ | မိုးမိတ်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၈ | ဒေါ်နန်းခင်နှင်းဆီ (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်ဂျာဆိုင်းမိုင် (သူနာပြု) | ဟိုပင် တိုက်နယ်ဆေးရုံ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်အေးသဇင်ဆွေ (သူနာပြု) | ကျောက္ကာ တိုက်နယ်ဆေးရုံ | ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မာယာများတဲ့စားသုံးဆီ

**အိအိချော (CTQM)**

"မာယာ" ဟူသည် ပရိယာယ်ကြွယ်ဝစွာဖြင့် ဟန်ဆောင်တတ်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် တစ်ပါးသူမရိပ်စားမိလောက်အောင် ပိရိသေသပ်စွာဖြင့် လှည့်စားတတ်သော အတတ်ပညာကို "မာယာ" ဟုခေါ်ဆိုနိုင်ပါသည်။ ဤလောကတွင် သက်ရှိလူသားများသည်သာ မာယာများတတ်ကြသည်မဟုတ်ဘဲ စားသုံးဆီများကလည်း မာယာများတတ်သည်ဟုဆိုလျှင် အံ့သြကြပေလိမ့်မည်။

စားသုံးဆီအရည်အသွေး စစ်ဆေးရသော ဓာတ်ခွဲခန်းမှူးတစ်ဦးအနေဖြင့် စားသုံးဆီတို့၏ အခြေခံသဘောသဘာဝများကို စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခဲ့ရာမှ အတော်အတန် သိရှိခဲ့ရပါသည်။ ထို့အပြင် ဓာတ်ခွဲခန်းအတွင်း စားသုံးဆီမျိုးစုံကို စစ်ဆေးပေးခဲ့ရသည့် အတွေ့အကြုံများအရ စားသုံးဆီတို့၏ မာယာမျိုးစုံအဖုံဖုံကို သိမြင်ခဲ့ရခြင်းဖြစ်ပါသည်။

စားသုံးဆီကို အခန်းအပူချိန်၌ အရည်အခြေအနေရှိပါက ဆီ(oil)၊ ပျစ်ခဲခဲအခြေအနေရှိပါက အဆီ (fat) ဟု သတ်မှတ်ကြပါသည်။ ဤကဲ့သို့ အရည်ဖြစ်ခြင်း၊ အခဲဖြစ်ခြင်းသည် ၎င်း၏ ဓာတုဗေဒ ဖွဲ့စည်းပုံတွင် ပါဝင်သော အဆီအက်စစ် အမျိုးအစားများနှင့် ပါဝင်မှုအချိုးအစားများပေါ်တွင် မူတည်လေ့ရှိပါသည်။

**အရည်အသွေးများ ကွဲပြား**

စားသုံးဆီတွင် ပါဝင်သောအဆီအက်စစ်များ (fatty acid) တွင်လည်း ပြည့်ဝဆီအက်စစ် (Saturated fatty Acid) နှင့် မပြည့်ဝဆီအက်စစ် (Unsaturated fatty Acid) ဟူ၍ နှစ်မျိုးခွဲခြားထားသည့်အပြင် မပြည့်ဝမှုတစ်ခုသာပါသော အဆီအက်စစ် (Mono Unsaturated fatty Acid) နှင့် မပြည့်ဝမှုတစ်ခုထက်ပိုပါသော အဆီအက်စစ် (Poly Unsaturated fatty Acid) ဟူ၍လည်း ထပ်ဆင့်ခွဲခြားထားပြန်ပါသည်။ ထိုအဆီအက်စစ်များ၏ ပါဝင်မှုအချိုးအစားများပေါ်မူတည်၍ စားသုံးဆီအမျိုးမျိုးတို့၏ ဂုဏ်အရည်အသွေးများ ကွဲပြားသွားရသကဲ့သို့ ဆီသားတည်မြဲမှုတို့၌လည်း မတူညီကြတော့သည်ဖြစ်ပေရာ ဓာတ်ခွဲခန်း၌ အိုင်အိုဒင်းတန်ဖိုး (Iodine Value)၊ ပါရောက်ဆိုက်တန်ဖိုး (Peroxide Value) နှင့် ဆီသားပျက်စီးမှု ရှိ၊ မရှိ (Rancidity) တို့ကို စစ်ဆေးသည့်အခါ အထက်ဖော်ပြပါ အခြေခံသဘောတရားများက အသုံးဝင်လှပေသည်။

အိုင်အိုဒင်းတန်ဖိုး (Iodine Value) စစ်ဆေးခြင်းသည် စားသုံးဆီ၏ပြည့်ဝမှု၊ မပြည့်ဝမှုတို့နှင့်အတူ ဆီအမျိုးအစားမှန်ကန်မှု (Authenticity) ကိုပါ စစ်ဆေးခြင်းဖြစ်ပေရာ စားသုံးဆီအမျိုးအစားအလိုက် တန်ဖိုးသတ်မှတ်ချက်များ ရှိကြပါသည်။ ဥပမာအားဖြင့် မြေပဲဆီတွင် Iodine Value သတ်မှတ်ချက်သည် ၈၀ မှ ၁၀၆၊ နေကြာဆီတွင် ၁၁၀ မှ ၁၄၃၊ ပဲပုပ်ဆီတွင် ၁၂၀ မှ ၁၄၃၊ ပုံမှန်စားအုန်းဆီ (Palm oil) တွင် ၅၀ မှ ၅၅နှင့် အဆင့်မြင့်စားအုန်းဆီ (Palm olein)တွင် ၅၆ မှအထက်စသည်ဖြင့် အတိုင်းအတာဘောင်များ သတ်မှတ်ထားပါသည်။ ပုံမှန်သမားရိုးကျ စားသုံးဆီမှန်သမျှသည် ၎င်းတို့အတွက် သတ်မှတ်ထားသော Iodine Value သတ်မှတ်ဘောင်အတွင်း ရှိကြကြောင်း စစ်ဆေးမှုများအရ သိရှိနိုင်ပါသည်။ သို့သော်လည်း တစ်ခါတစ်ရံ ပဋ္ဌလက်ဆန်သောစားသုံးဆီများကို စစ်ဆေးရသည့်အခါ ဓာတ်ခွဲခန်းမှူးမျက်စိလည်ရပါတော့သည်။ "မြေပဲဆီသန့်" ဟုအညွှန်းတပ်ထားသော စားသုံးဆီနမူနာ၏ အိုင်အိုဒင်းတန်ဖိုး (Iodine Value) စစ်ဆေးချက်ရလဒ်သည် အဆင့်မြင့်စားအုန်းဆီ၏ တန်ဖိုးဘောင်အတွင်း ရောက်နေပြီး ဆီနမူနာ၏ ရနံ့အနေဖြင့် မြေပဲလှော်နံ့တသင်းသင်းရှိနေသောအခါ ဓာတ်ခွဲခန်းထုံးစံအရ ဒုတိယအကြိမ် (Duplicate) ပြန်လည်စစ်ဆေးရပါတော့သည်။ ဒုတိယအကြိမ်ရလဒ်သည်လည်း ပထမအကြိမ်နည်းတူဖြစ်နေပါက ဤဆီသည် ဓာတ်ခွဲခန်းမှူးအတွက် မာယာများသောဆီပင်ဖြစ်ပါသည်။

စားသုံးဆီများသည် အချိန်ကာလကြာလာသည်နှင့်အမျှ အနံ့ဆိုးများ ထွက်ပေါ်လာပြီး ဆီ၏ အရည်အသွေးများ ပျက်စီးလာတတ်ကြပေရာ ၎င်းကို ဆီသားတည်မြဲမှု(Stability) အားနည်းလာခြင်းဟုသတ်မှတ်ပြီး နိုင်ငံတကာစားသုံးဆီရောင်းဝယ်မှုတွင် အလွန်အလေးထားကြပါသည်။ စားသုံးဆီတို့တွင် အောက်ဆီဂျင် (လေ) ကြောင့် ဓာတ်တိုးမှု (oxidation) ဖြစ်ပေါ်ခြင်းသည် ဆီသားတည်မြဲမှုကို ပျက်စီးစေသော အဓိကအကြောင်းရင်းဖြစ်ပါသည်။ ပြည့်ဝမှုအပိုင်းများသော စားသုံးဆီတို့သည် မပြည့်ဝမှုအပိုင်းများသော စားသုံးဆီတို့ထက် ဓာတ်တိုးခြင်းဖြစ်စဉ်ကို ပို၍ခုခံကာကွယ်နိုင်ပြီး ရောင်ခြယ်ပစ္စည်း (ဥပမာ-ကယ်ရိုတင်နွိုင်နှင့် ကလိုရိုဖီးလ်) များစွာပါဝင်သော ဆီများသည် အလင်းရောင်ကြောင့် ဓာတ်တိုးမှု(Photo oxidation) မြန်ဆန်စေသည်ဟုလည်း လေ့လာသိရှိရပါသည်။

စားသုံးဆီတွင် ဓာတ်တိုးမှုဖြစ်ပေါ်သည့် ပမာဏကို ပါရောက်ဆိုက်တန်ဖိုး ( Peroxide value) ဖြင့်ဖော်ပြပြီး တန်ဖိုးသတ်မှတ်ချက်အများဆုံး (၁၀) သတ်မှတ်ထားပါသည်။ ယေဘုယျအားဖြင့် Peroxide value များလာသည်နှင့်အမျှ ဆီသားပျက်စီးမှု (Rancid) ဖြစ်လာပေရာ ၎င်းတို့နှစ်ခုမှာ ဆက်စပ်လျက်ရှိကြပါသည်။ သို့သော်လည်း ယင်းယူဆချက်မှာ ဆီအမျိုးအစားပေါ် မူတည်၍ အံ့သြဖွယ်ရာ ပြောင်းလဲတတ်ပါသည်။ အနံ့ဆိုးထွက်နေသော်လည်း ဆီသားပျက်စီးမှုတွင် Negative (ဆီသားပျက်စီးမှုမရှိ) ဟုပြနေသော စားသုံးဆီရှိသကဲ့သို့ အနံ့ဆိုးမထွက်၊ ပါရောက်ဆိုက်တန်ဖိုး ၁၀ မကျော်ပါဘဲနှင့် ဆီသားပျက်စီးမှုရှိသော Positive ဆီမျိုးကိုလည်း စစ်ဆေးခဲ့ရပါသည်။ ဤသည်မှာလည်း ဆီတို့၏မာယာပင်ဖြစ်ပါသည်။

**အနံ့မွှေးသော စားသုံးဆီအဖြစ် မာယာများ**

"ပျက်အစဉ် ပြင်ခဏ" ဟူသော ဆိုရိုးစကားသည် ပျက်စီးနေသောပစ္စည်းတစ်ခုကို ပြင်ဆင်မှုမပြုလျှင် အစဉ်အမြဲပျက်စီးနေမည်သာဖြစ်ပြီး ပြင်ဆင်လိုက်ပါက ခဏအတွင်း ပစ္စည်းကောင်းတစ်ခုဖြစ်သွားမည်ဟု မှတ်သားခဲ့ပါသည်။ သို့သော်လည်း ထိုဆိုရိုးစကားကို စားသုံးဆီကဏ္ဍအတွက် အသုံးပြုမည်ဆိုပါက စားသုံးသူပြည်သူများအတွက် လွန်စွာအန္တရာယ်ရှိလာနိုင်ပါသည်။ ပျက်စီးပြီးသားဆီကို ဓာတုဗေဒနည်းလမ်းများသုံး၍ စားသုံးဆီအဖြစ် ပြန်လည်ပြုပြင်ထားသောဆီများတွင် မူလဆီ၏ ဓာတ်ဖွဲ့စည်းပုံနှင့် မတူညီသော အခြားပုံပြောင်းဆီများအဖြစ် ပြောင်းလဲသွားလေ့ရှိပါသည်။ စားသောက်ဆိုင်များနှင့် စားသောက်ကုန်အကြော်လုပ်ငန်းများမှ စွန့်ပစ်ပြီးသောဆီများသည် အကြိမ်ကြိမ်ကြော်လှော်ထားခြင်းကြောင့် အရောင်မည်းနေပြီဖြစ်ကာ ပျက်စီးနေသောဆီသာ ဖြစ်ပါသည်။ ၎င်းတို့ကို ပြန်လည်ပြုပြင်ပြီးပါက အရောင်လှ အနံ့မွှေးသော စားသုံးဆီအဖြစ် မာယာများပြနိုင်ကြပါသည်။

**ရောဂါများ အပိုဆောင်းရရှိလာနိုင်**

ဤသို့ဆိုလျှင် စားသုံးဆီတွင် ၎င်း၏ပင်ကိုဂုဏ်သတ္တိအရ သဘာဝကပေးထားသော မာယာရှိသကဲ့သို့ လူ့လောဘကြောင့် လူတို့တန်ဖိုးထားသော မာယာများကလည်းရှိနေပြန်ရာ ဆီစားသုံးသူ မိဘပြည်သူများအတွက် မိမိကပေးလိုက်ရသော တန်ဖိုးနှင့် ပြန်ရလိုက်သော အရည်အသွေး ဘက်မညီရုံမျှမက ထိုကဲ့သို့သော စားသုံးဆီများကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများကိုပါ အဆစ်အနေဖြင့် အပိုဆောင်းရရှိလာနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ စားသုံးသူပြည်သူများအနေဖြင့် မာယာများတတ်ကြသော စားသုံးဆီများအကြောင်းကို သိရှိရပြီးနောက်တွင် အသိနောက်၌ သတိကပ်၍ မိမိတို့ဝယ်ယူမည့် စားသုံးဆီ၏ ကုန်အညွှန်းအမှတ်အသားတွင် စားသုံးဆီ၏အမည်၊ သုံးစွဲထားသော ကုန်ကြမ်းပစ္စည်းအမျိုးအမည်နှင့် ပစ္စည်းများ၏ ပမာဏပါဝင်မှု အမျိုးအစား၊ ထုတ်လုပ်သည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ ထုတ်လုပ် သည့် လိပ်စာအပြည့်အစုံနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကျန်းမာရေးထောက်ခံချက်စသည်တို့ကို သေချာစွာစစ်ဆေးပြီးမှသာ ဝယ်ယူသင့်ပါကြောင်းနှင့် သုံးစွဲသည့်အခါတွင်လည်းအနည်းဆုံးလိုအပ်သောပမာဏအထိ လျှော့ချသုံးစွဲသင့်ပါကြောင်း ဓာတ်ခွဲခန်းမှူး တစ်ဦးအနေဖြင့် အကြံပြု ရေးသားတင်ပြလိုက်ရပါသည်။ ။



စားသုံးဆီများ အရည်အသွေးစစ်ဆေးရန် ဓာတ်ခွဲခန်း၌ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

❖ **ပျက်စီးပြီးသားဆီကို ဓာတုဗေဒနည်းလမ်းများသုံး၍ စားသုံးဆီအဖြစ် ပြန်လည်ပြုပြင်ထားသောဆီများတွင် မူလဆီ၏ ဓာတ်ဖွဲ့စည်းပုံနှင့် မတူညီသော အခြားပုံပြောင်းဆီများအဖြစ် ပြောင်းလဲသွားလေ့ရှိပါသည်။ စားသောက်ဆိုင်များနှင့် စားသောက်ကုန် အကြော်လုပ်ငန်းများမှ စွန့်ပစ်ပြီးသောဆီများသည် အကြိမ်ကြိမ် ကြော်လှော်ထားခြင်းကြောင့် အရောင်မည်းနေပြီဖြစ်ကာ ပျက်စီးနေသောဆီသာ ဖြစ်ပါသည်။ ၎င်းတို့ကို ပြန်လည်ပြုပြင်ပြီးပါက အရောင်လှ အနံ့မွှေးသော စားသုံးဆီအဖြစ် မာယာများပြနိုင်**

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့် သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့် သော်လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှု ရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်ပျော်ခြင်း သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသား ရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှ တစ်ဆင့်ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြို့နယ်အချို့ရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်

နေပြည်တော် မေ ၁၉

**မြို့နယ်အချို့ရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား မေ ၁၈ ရက်တွင် အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိလုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၁၈ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပန်ချိုင်ကျေးရွာနေ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမိုးဇော်မြင့် (၅၆ နှစ် )(ဘ)ဦးကြည်အောင်သည် ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ် အကြမ်းဖက်သူ အမျိုးသားခြောက်ဦးသည် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာကြောင်း၊ မေ ၁၆ ရက်က စာသင်ကျောင်းဖွင့်လှစ်မည့်ကိစ္စ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လာရောက်ဆောင်ရွက်စဉ် ဦးမိုးဇော်မြင့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း ဆဲဆိုခြိမ်းခြောက်ကာ တုတ်၊ ဓားလက်နက်များဖြင့် ရိုက်နှက်ထိုးခုတ်အကြမ်းဖက်၍ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ရိုက်နှက်ထိုးခုတ်မှုကြောင့် ဦးမိုးဇော်မြင့်တွင် ရင်ညွန့်၊ နောက်ကျောနှင့် ဝဲတံတောင်တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

အလားတူ ည ၁၂ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာနေ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိုးညွန့်သည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တွတ်၊ သားဖြစ်သူ ဝေလျှံစိုး၊ သမီးဖြစ်သူ မတင်မာစိုး၊ သားမက်ဖြစ်သူ ကိုသန့်ဇင်မောင်နှင့် မြေးဖြစ်သူ မောင်စွမ်းထက်(ခ)စွမ်းထက်အောင်တို့နှင့်အတူ နေအိမ်အတွင်း၌ ရှိနေစဉ် အကြမ်းဖက်သူ အမျိုးသား ၂၀ ခန့်သည် မျက်နှာကို ပုဆိုးနှင့်စည်း၍ ရောက်ရှိလာပြီး နေအိမ်ကို လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ကာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိုးညွန့်နှင့် မိသားစုဝင်များအား “ဒလန်နှင့် ဒလန်မိသားစု”ဟု အော်ဟစ်ဆဲဆို၍ တုတ်၊ ဓားများဖြင့် အကြမ်းဖက်ဝင်ရောက် ထိုးခုတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် ဦးစိုးညွန့်နှင့် မတင်မာစိုးတို့သည် ဓားဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မောင်စွမ်း(ခ)စွမ်းထက်အောင်၊ ဒေါ်တွတ်နှင့် ဝေလျှံစိုးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သည့်အတွက် ဆေးဝါးကုသမှုခံယူနိုင်ရေး မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် မောင်စွမ်း(ခ)စွမ်းထက်အောင်သည် ရရှိဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း။

ထို့အတူ မေ ၁၉ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့အမှတ်(၄)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးကျော်ဇင်မင်း(၄၂ နှစ် )(ဘ) ဦးကျော်ငြိမ်းသည် ၎င်း၏နေအိမ်ရှေ့ရှိ ကားရေဆေးဆိုင်၌ရှိနေစဉ် ငုဝါလမ်းအတိုင်း အနောက်မှ အရှေ့သို့ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူများက သေနတ်ဖြင့် ၁၀ ချက်ခန့် ပစ်ခတ်ခဲ့ရာ ဦးကျော်ဇင်မင်းတွင် ဝဲပခုံး၊ ယာပေါင်၊ ယာတင်ပါး၊ ဝဲ/ ယာ ခြေထောက်တို့တွင် ဒဏ်ရာများ ရရှိခဲ့သည့်အတွက် ဆေးဝါးကုသမှုခံယူနိုင်ရေး ဘုရားသုံးဆူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ နံနက် ၁၀ နာရီတွင် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ရပ်ကွက်နှင့် ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့မှူးများအား ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သူ အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိလျက်ရှိရာ မေ ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်အင်းကျေးရွာရှိ ဦးမိုးအောင်(စိစစ်ဆဲ) ပိုင်ဆိုင်ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း၌ အဆိုပါကျေးရွာနေ ဇာနည်အောင်(ခ) အတာ(၃၄ နှစ်) (ဘ) ဦးဆိတ်အောင်အား ဂျင်ကလိများ ပြုလုပ်နေသည်ကို တွေ့ရှိရပြီး ၎င်းအနီးမှ ဂျင်ကလိ ၃၃ ချောင်း၊ သံချောင်း ၁၀ ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်ခံထားရသည့် ကြံတောစုကျေးရွာနေ စည်သူကျော်(၃၄)နှစ် (ဘ) ဦးလှကြိုင်ပိုင်ဆိုင်သောနေအိမ်၌ လေသေနတ်များ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ခြံစောင့်ဖြစ်သူ တစ်ရွာတည်းနေ မိုးဝင်း(၃၉ နှစ်) (ဘ) ဦးကြည်ဝင်းအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ လေသေနတ်နှစ်လက်၊ ဂက်စ်ဖြင့် ပစ်ခတ်ရသည့် ပစ္စတိုသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက် ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အောင်သိဒ္ဓိဓမ္မာရုံ၏ စတိုခန်းအတွင်းမှ လက်လုပ်သေနတ်ငါးလက်၊ ဓားရှည်သုံးချောင်း၊ ဂျင်ကလိ ၁၀၃ ချောင်း အပါအဝင် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဘောဂ(၁)လမ်း ခြံအမှတ်(၃) လူနေထိုင်ခြင်းမရှိသည့် ခြံဝင်းအတွင်းမှ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၃၄ လုံး၊ လက်လုပ်မိုင်းတစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ည ၉ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကွန်းသာယာရပ်ကွက်ရှိ “အောင်ရတနာ” ဘုန်းကြီးကျောင်းတိုက်၌ ဉူးသဇ္ဇ(ခ)ဦးသန့်ဇင်သက်တော်(၄၂ နှစ် )ဝါတော်(၂၂)ဝါ (ဘ)ဦးလှသန်းကို ပွိုင့် ၂၂ ကျည် သုံးတောင့်၊ ဂျင်ကလိ ကိုးချောင်း၊ 




မဟာအောင်မြေမြို့နယ်ရှိ အောင်သိဒ္ဓိဓမ္မာရုံမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိမှု။

အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း တွေ့ရှိ သိမ်းဆည်းရမိသဖြင့် ဆက်လက်စစ်ဆေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များကို လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ဘားအံမြို့နယ် ဝါးဘိုးတောကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များကို လက်နက်ကိုင် သောင်းကျန်းသူများက အဆိုပါ ဂိတ်၏ အနောက်တောင်ဘက် ကိုက်၂၀၀ ခန့်အကွာရှိ ရော်ဘာတောအတွင်းမှ ၄၀ မမဗုံးသီး နှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဂိတ်အနီးရပ်တန့်ထားသော 6J/xxxx Honda Fit ယာဉ်ပေါ်သို့ ကျရောက်ပေါက်ကွဲ မီးလောင်ခဲ့ပြီး မော်တော်ယာဉ်ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိတစ်ဦး ကိုင်ဆောင်သော ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည် ခြောက်တောင့်နှင့် မော်တော်ယာဉ်တို့ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် ခြေသလုံး၊ ဖနောင့်တို့တွင် ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။



မီးလောင်ဆုံးရှုံးသည့် ခြောက်လုံးပြူး



6J/6191 Honda Fit ယာဉ်

လုံခြုံရေး တပ်ဖွဲ့ဝင်များကို ပစ်ခတ် တိုက်ခိုက်ခဲ့သူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် လိုအပ်သော အင်အားများ ထပ်မံဖြည့်တင်းကာ လိုက်လံပိတ်ဆို့ ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်မဲမြို့တွင် ၅ ဒသမ ဝ၄ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၈၁ လက်မ၊ ကျောက်ထုမြို့တွင် ၂ ဒသမ ဝဝ လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မြစ်ငယ်မြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် စဉ့်ကူး(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၇ဝ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ခဲ့မှုအား ဖော်ထုတ်ရရှိ

နေပြည်တော် မေ ၁၉

**အကြမ်းဖက်ဆန္ဒပြရာတွင် ပါဝင်သောလူငယ်များအနေဖြင့် အဖျက်အမှောင့် ဆောင်ရွက်လိုသော လူတစ်စု၏သွေးဆောင်စည်းရုံးမှု၊ ချိတ်ဆက်ပေးမှုကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု နယ်မြေအတွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ပြီး ပြန်လည်ရောက်ရှိနေကြောင်း သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ် စစ်ဆေးဆောင်ရွက်ခဲ့သည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သည့် ဖြိုးကိုကို (ဘ) ဦးချစ်ကို၊ စွမ်းရည် (ဘ) ဦးကြည်ဦး၊ အောင်ပြည့်ဖြိုးကျော် (ဘ) ဦးကျော်သက်၊ သန်းထွဋ်ဇော် (ဘ) ဦးကျော်ရှိန်၊ ထက်အောင် (ဘ) ဦးသန်းထွန်းတို့ ငါးဦးအား မရမ်းချောင်း စစ်ဆေးရေးဂိတ်၌လည်းကောင်း၊ ဝိုင်းချစ်ထွေး (ဘ) ဦးယဉ်ထွေး၊ မင်းခေတ်အောင် (ဘ) ဦးအောင်ဝင်း၊ ထက်ဝေယံ (ဘ) ဦးအေးသိန်း၊ ရွှေမန္တလေးဦး(ခ)ဒီးဒီး(ဘ) ဦးစိုးလွင်တို့ လေးဦးအား ဘီးလင်းတာယာစက်ရုံအနီး စစ်ဆေးရေးဂိတ်၌လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း ဦးသန့်ဇင် (ဘ) ဦးစိုးချစ်၊ ဒေါ်ချိုချိုအောင် (ဘ) ဦးဆန်းအောင် (ဦးသန့်ဇင်၏ဇနီး) ဘီးလင်းမြို့နယ်နေသူတို့နှစ်ဦးကို ကောင်းကောင်းစားသောက်ဆိုင်အနီး၌ လည်းကောင်း စုစုပေါင်း ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝိုင်းချစ်ထွေး၏ ထွက်ဆိုချက်အရ မေ ၂ ရက်တွင် ကွင်းဆက် တရားခံ မြတ်ကိုကို(ဘ)ဦးမြင့်ရွှေ၊ သက်ပိုင်ထွေး(ခ) အေးချမ်းအောင်(ခ) ဘလပ်ခ် (ဘ) ဦးယဉ်ထွေး၊ ဆုမြတ်မွန်(ဘ) ဦးလှဦး၊ နန်းချယ်ရီဆောင်း (ဘ) ဦးသန့်ဇင်၊ ကျော်ကျော်ဦး (ဘ) ဦးသန်းထွန်း၊ နေမျိုးထွန်း (ဘ) ဦးကျော်ညွန့်၊ ဉာဏ်လင်းထက် (ဘ) ဦးနေဝင်း၊ ခင်မီမီဝင်း(ဘ) ဦးဆန်းဝင်း၊ ဇေယျာဖြိုး(ဘ) ဦးသက်နိုင်နှင့် စည်သူအောင်(ဘ) ဦးအေးမင်းလှိုင်တို့ ၁၀ ဦးတို့ကို သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းမကြီး ဇေတိကလမ်းသွယ် (၅) ထပ်တိုက် (၄)လွှာ၌ လက်ပစ်ဗုံးအကြီးတစ်လုံး(အမျိုးအစား စိစစ်ဆဲ)၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်ပစ်ဗုံးရှစ်လုံး၊ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်ပစ်ဗုံးငါးလုံး၊ စတီးလက်ပစ်ဗုံးတစ်လုံးနှင့် အချိုရည်ဘူးဖြင့် ပြုလုပ်ထားသောလက်ပစ်ဗုံးတစ်လုံး၊ စုစုပေါင်း ၁၆ လုံးတို့နှင့်အတူ ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။


ထို့ပြင် မေ ၃ ရက်တွင် ဖမ်းဆီးရမိတရားခံ သက်ပိုင်ထွေး (ခ)အေးချမ်းအောင်(ခ)ဘလပ်ခ်၏ထွက်ဆိုချက်အရ ကျော်စိုးဟိန်း (ဘ) ဦးမောင်မောင်ဦးအား အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက် ရွာသစ် (၂)လမ်း၌ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲများ၊ မီးပုလင်းပစ် မီးရှို့မှုများတွင် ပါဝင်လှုပ်ရှားခဲ့ကြောင်း၊ ထို့နောက် အဖျက်အမှောင့် ဆောင်ရွက်လိုသော လူတစ်စု၏ မက်လုံးပေးပြောဆိုစည်းရုံးမှုများမှတစ်ဆင့် ချိတ်ဆက်ပေးမှုကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ နယ်မြေအတွင်းသို့ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ရောက်ရန် သွားရောက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်၍ စည်းရုံးထောက်ပံ့ ပေးသူများဖြစ်သည့် လှိုင်မြို့နယ် အမှတ် (၁၆)ရပ်ကွက် ဦးအေး ၃ လမ်းနေ ထွန်းထွန်း၊ လှိုင်မြို့နယ် အမှတ် (၁၆)ရပ်ကွက် မာလာမြိုင် ၃ လမ်းနေ ဥက္ကာ(NLD ရပ်/ ကျေးဥက္ကဋ္ဌ)၊ ကျောက်မြောင်းရပ်ကွက် သီတာလမ်းနေ ရန်ကုန်(ခ)စောမိုက်ကယ်လင်း၊ ဗြိတိန်နိုင်ငံနေ တေးသားကြီးတို့ကိုလည်းကောင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ပြီး ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် လှိုင်မြို့နယ် ရပ်ကွက်(၃)နေ ရဲခန့်၊ သင်တန်းကျောင်းသို့ သွားရောက်ရန် ချိတ်ဆက်ဆောင်ရွက်ပေးသူ ဘီးလင်းမြို့ ဖိုးလှကြီးရပ်ကွက် နွယ်နီလမ်းနေ တင့်လွင်ဦး(ခ)ဖိုးနီနှင့် လိုက်ပါပို့ဆောင်ပေးသူ ဘီးလင်းမြို့နယ်နေ လင်းထိုက်တို့ကို လည်းကောင်း ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။


သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့ကြသူများနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရန် ပါဝင်ပတ်သက်သူ ၂၂ ဦးတို့ကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒကန်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

- (၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
- (၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
- (၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
- (၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
- (၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
- (၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
- (၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
- (၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
- (၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
- (၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
- (၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
- (၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
- (၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
- (၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
- (၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
- (၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
- (၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
- (၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
- (၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
- (၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
- (၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
- (၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
- (၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
- (၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
- (၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
- (၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွန့်(ခ)ဟိုဝီးမိန်
### KHIN MAUNG NYUNT GROUP OF COMPANY
### နာယကကြီး
### အသက် (၉၇)နှစ်

ရန်ကုန်မြို့နေ KHIN MAUNG NYUNT GROUP OF COMPANY နာယကကြီး ဦးတင်ညွန့်(ခ)ဟိုဝီးမိန်သည် ၁၆-၅-၂၀၂၂ ရက် မွန်းလွဲ ၁:၄၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ် ၁၀၁၊ ၂၂လမ်း၊ ဟိုမျိုးနွယ်ဘုံကျောင်း နာယကဥက္ကဋ္ဌ**
**အမှုဆောင်အသင်းသားများ**

## ဦးအုန်းမြင့်(ဒီဇယ်)
### အသက်(၇၀)

နတ်တလင်းမြို့နေ ဦးမောင်တင်-ဒေါ်ခင်နုတို့၏သား၊ ဦးစံခို-ဒေါ်ကြင်နုတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ တိုက်(၃)၊ အခန်း(2A၊ ပထမထပ်)နေ ဒေါ်ကြူကြူဝင်း၏ခင်ပွန်း၊ ဦးဇော်မြင့်-ဒေါ်အေးသန္တာမြင့်၊ (ဦးနေဝင်းအောင်)-ဒေါ်ခိုင်သဇင်တို့၏ဖခင်၊ မောင်ဘုန်းမြင့်သွင်၊ မောင်ပြည့်ဖြိုးသွင်တို့၏အဘိုးသည် ၁၈-၅-၂၀၂၂ ရက် ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးအုန်းရွှေ
### အထက (၂) မုံရွာ (အထပြ-ငြိမ်း)
### အသက် (၆၆)နှစ်

မုံရွာမြို့၊ ဒေါနဖြံရပ်ကွက်၊ ရက်ကန်းကျောင်းလမ်းနေ (ဦးလှစက်)-ဒေါ်ဝင်းမြင့်တို့၏ သားကြီး၊ မုံရွာမြို့၊ လယ်တီရပ်ကွက်၊ သီရိလမ်းသွယ်နေ (ဦးအုန်းငွေ)-ဒေါ်မြင့်မြင့်၊ ဒေါ်အေးအေးသီ၊ ဒေါ်မာမာသီ၊ ဦးမြင့်သိန်းကျော်-ဒေါ်ခင်စန်းငွေ၊ ဦးလှသိန်းအောင်-ဒေါ်ခင်မိုးမိုးဝင်း၊ (ဦးသန့်ဇင်)-ဒေါ်သူသူထွန်းတို့၏အစ်ကိုကြီး၊ မခင်စန္ဒာ၊ မောင်ကောင်းထက်ကျော်၊ မယွန်းနဒီအောင်၊ မချောယွန်းပြည့်၊ မသွန်းအိစန္ဒီအောင်၊ မောင်အောင်ချမ်းပြည့်တို့၏ဘကြီးသည် ၁၉-၅-၂၀၂၂ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် သဂြိုဟ်မည်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3458 Toyota Kluger Acvro S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းဖြိုး ၁၂/အလန(နိုင်)၀၃၇၃၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဦးစိုးမိုးနိုင် ၁၂/ကမန(နိုင်) ၀၂၈၃၂၆ နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၇၅)နေ ဦးဇော်ကိုကိုဝင်း ၁၄/မမန(နိုင်) ၁၈၉၁၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ကိုကိုဝင်းသည် ၎င်းတရားဝင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၇၅)၊ ဧရိယာ ပေ(၄၀ x ၆၀)ရှိ နှစ်ထပ်တိုက်အိမ် အမျိုးအစား အိမ်ခြံမြေအား ရောင်းချရန် (၃၁-၁၀-၂၀၂၀)ရက်တွင် စရန်ပေးကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ အရောင်းအဝယ်အတွက် အပြီးသတ်ငွေချေရန် (၃၀-၄-၂၀၂၁)ရက်အား နှစ်ဦးနှစ်ဖက် သတ်မှတ်ခဲ့ကြပါသည်။ အပြီးသတ်ငွေပေးချေသောရက်မှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအား ပေးအပ်ရမည်ဖြစ်သော်လည်း ဦးစိုးမိုးနိုင်၏ မေတ္တာရပ်ခံချက်အရ စရန်စာချုပ်ချုပ်ဆိုသည့်ရက်တွင် အထက်ဖော်ပြပါ အိမ်ခြံမြေ၏စာချုပ်စာတမ်းမူရင်းများအား ဦးစိုးမိုးနိုင်ထံ ယုံကြည်စွာအပ်နှံခဲ့ပါသည်။ အပြီးသတ်ငွေချေရန် ချိန်းဆိုထားသော (၃၀-၄-၂၀၂၁)ရက်တွင် ဦးစိုးမိုးနိုင်မှ ငွေချေရန်အကြိမ်ကြိမ် ပျက်ကွက်လျက်ရှိသောကြောင့် လူမှုရေးအရ အကြိမ်ကြိမ်စောင့်ဆိုင်းခဲ့သော်လည်း ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် (၁၁-၅-၂၀၂၁)ရက်တွင် ရှေ့နေမှတဆင့် စရန်ပေးစာချုပ်ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် (၁၁-၅-၂၀၂၁)ရက်တွင် ရှေ့နေမှ တစ်ဆင့် စရန်ပေးစာချုပ်ပျက်ပြယ်ကြောင်းနှင့် ဦးစိုးမိုးနိုင်ထံ ယုံကြည်စွာ အပ်နှံထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၇၅)၊ ဧရိယာ ပေ(၄၀ x ၆၀)ရှိ ဖြိုးပြည့်ပြည့်ကျော် အမည်ပေါက် ပါမစ်မူရင်းအား ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ပြန်လည်ပေးအပ်ရန် အကြောင်းကြားခဲ့သော်လည်း ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၇၅)၊ ဧရိယာပေ(၄၀ x ၆၀)ရှိ ဖြိုးပြည့်ပြည့်ကျော် အမည်ပေါက် ပါမစ်မူရင်းနှင့်ဆက်စပ်စာချုပ် မူရင်းများအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ကိုကိုဝင်းထံသို့ ဖြစ်စေ မပျက်မကွက်ပြန်လည်ပေးအပ်ရန် နောက်ဆုံးထား၍ တောင်းဆိုလိုက်ပါသည်။ အကယ်၍ ဆက်လက်ပျက်ကွက်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါစာရွက်စာတမ်းများအား ဦးစိုးမိုးနိုင်ထံမှ ပြန်လည်ဝယ်ယူထားသူများရှိပါက အဆိုပါအိမ်ခြံမြေသည် ဦးစိုးမိုးနိုင် တရားဝင်ပိုင်ဆိုင်သော အိမ်ခြံမြေမဟုတ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ကိုကိုဝင်းသာတရားဝင်ပိုင်ဆိုင်ခံစားလျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ကိုကိုဝင်း သိရှိခြင်းမရှိဘဲ အဆိုပါအိမ်ခြံမြေအား ရောင်းချ၊ ဝယ်ယူ၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် ဦးစိုးမိုးနိုင်နှင့်အများသိ စေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီဂီအေး (စဥ်-၁၄၈၁၉)** **ဦးအောင်ဇော်သူ(စဥ်-၄၉၅၁၈)**
**LL.B,D.B.L,(တရားလွှတ်တော်ရှေ့နေ)** **LL.B(အထက်တန်းရှေ့နေ)**
**အမှတ်(၇၂၆)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၁၈၆၉၊ ၀၉-၄၂၀၀၆၉၁၅၂**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးဘရားသားရေးမင်း(ခ)ဦးကျော်အေး
### ရန်ကုန်စိန့်ပေါလ်ကျောင်းဆရာ
### အသက် (၈၉)နှစ်

တွံတေးမြို့နေ(ဦးဘအေး-ဒေါ်ဘီဘီဟာနား)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၆၃၊ (၁၀၁)လမ်း၊ မြေညီထပ်နေ [ဒေါက်တာ ဒေါ်ခင်တင့်(ခ)စီစီကင်း]၏ချစ်လှစွာသောခင်ပွန်းသည်၁၈-၅-၂၀၂၂ရက် မွန်းလွဲ ၁:၂၄ နာရီတွင် ရန်ကုန်မြို့၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၃၆၁၊ ဗညားဒလလမ်း၊ ကျောက်မြောင်းနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပြီးဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ(အမရပူရမြို့)
### အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏မိခင် ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်အရာထမ်းအမှုထမ်းများ**
**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်နွဲ့နွဲ့ခင်(မြိတ်/ကော့သောင်း)
### ကုန်သွယ်ရေး(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ပွဲရုံတန်း၊ ကျွန်းရွှေဝါလမ်း၊ (SH-02)နေ ဦးမောင်လှိုင်၏ဇနီး၊ ဦးထွန်းထွန်းဝင်း(လေယဉ်မှူး MMA)-ဒေါက်တာ ကေသွယ်လှိုင်(ဒုပါချုပ်၊ တောင်ကြီးတက္ကသိုလ်)၊ ဦးဝင်းမိုး-ဒေါ်နုနုငယ်၊ ဦးအောင်မွန်၊ ဦးရဲနောင်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၈-၅-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသားအသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေစက်ဒါယိကာမကြီး
## ဒေါ်ကျင်မွေး
### အသက်(၈၁)နှစ်

ဗိုလ်မှူးချုပ်သန်းထွန်း-ဒေါ်စန်းဝင်းမြတ်တို့၏မိခင် ဒေါ်ကျင်မွေးသည် ၁၆-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၁၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ဝါ/သုရပ်ကွက်၊ ပုဂံလမ်းရှိ မြေကွက်အမှတ် (၁၅၁)၊ အကျယ်အဝန်း ပေ(၇၀x၅၀) အကျယ်ရှိ မြေကွက်အား ဒေါ်မိုးသူဇာတင်း ၉/မထလ(နိုင်) ၀၀၁၉၀၁ မှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ် ၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ခိုင်မိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၅၉)**
**မကျီးပင်ပုကျေးရွာ၊ တောမအုပ်စု၊ မိတ္ထီလာမြို့နယ်၊ ဖုန်း-၀၉-၄၃၁၄၅၁၅၆**

## ကြော်ငြာစာ

ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်နေ ဒေါ်မအေး အမည်ဖြင့် (၃)နှစ်လိုင်စင်ရရှိထားသော ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ စုကြီးကွက်၊ ဦးပိုင်အမှတ်(၇၄)၊ ဧရိယာ(၀ဒသမ၁၄၅)ဧကရှိ မြေနေရာကို မူလပိုင်ရှင် ဒေါ်မအေးထံမှ ကျွန်တော် ဦးမြင့်စိုး ၉/ကဆန(နိုင်) ၀၈၃၉၈၂သည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ယခုအခါမြေငှားဂရန် (အသစ်)ကို ကျွန်တော် ဦးမြင့် စိုးအမည်ဖြင့် မြေငှားဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့် ရက်မှ ၁၅ရက်အတွင်း ကျွန်တော် ဦးမြင့်စိုးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသွားပါက မြေငှားဂရန် လျှောက်ထားလာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးမြင့်စိုး ၉/ကဆန(နိုင်) ၀၈၃၉၈၂၊ စုကြီးရပ်ကွက်၊ ကျောက်ဆည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၂၊ ဗုဒ္ဓဘာသာ)၊ ဦးပိုင်အမှတ် (၁၀၆-က၊ ၁၀၇)၊ ဧရိယာ ၀ဒသမ ၁၂၁ဧကရှိမြေအား အမှုတွဲအမှတ် ၄၄၇/၁၉၉၅ အရ (၄-၆-၁၉၉၆မှ ၃-၆-၂၀၂၆)ထိ ဦးအောင်မောင်း အမည်ဖြင့် နှစ် (၃၀)ဂရန်ရရှိထား သောမြေအနက်မှ ဦးပိုင်အမှတ် (၁၀၆-က၊ ၁၀၇-ခ)၊ ဧရိယာ ၀ဒသမ၀၃၆ဧကရှိမြေအား ဒေါ်ကေသွယ်မြင့် အမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၈၆၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆန်း ၁၀/မဒန (နိုင်) ၀၀၂၅၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကောဝိဒ (ကျောက်တော်)
### သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၂)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်နေ (ဖခမည်းတော် ဦးရဲလှဦး-မယ်တော် ဒေါ်နှင်းရွှေဖြူ)တို့၏ သားတော်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာကျောင်းတိုက်၊ ဟံသာဝတီကျောင်းဦးစီးပဓာနနာယက၊ ကိုးထပ်ကြီးဘုရား ဩဝါဒါစရိယ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၈ရက်) ၁၈-၅-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၁၀ရက်) ၂၀-၅-၂၀၂၂ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျောင်းမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဟံသာဝတီကျောင်း (ကိုးထပ်ကြီးဘုရားဝင်း)၊ စမ်းချောင်းမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
## အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏မိခင်ကြီး ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း ဇနီး ဒေါ်ခင်ချို့အုန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်မြ
## အသက်(၈၅)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒေါ်မေစီလှတို့၏မိခင်ကြီး ဒေါ်ရင်မြသည် ၁၇-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုကောင်းထက်စိုး-မတင်မျိုးဝင်း(ခ)ခိုင်မာ**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
### ပဲခူးခရိုင်မှ လိုအပ်သော လမ်းခင်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်မှ လိုအပ်သော လမ်းခင်းသုံး ပစ္စည်းများအား အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ပစ္စည်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂၀-၅-၂၀၂၂ရက် (ကြာသပတေးနေ့) |
| ပစ္စည်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | လမ်းဦးစီးဌာန၊ ပဲခူးခရိုင် |
| ပစ္စည်းတင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၂၆-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ |
| ပစ္စည်းတင်ဒါ(P.O)နောက်ဆုံး တင်သွင်းရမည့်ရက် | - | ၂၆-၅-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - | ၂၈-၅-၂၀၂၂ရက်(သောကြာနေ့) နံနက် ၁၀နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့်နေရာ | - | ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ပဲခူးမြို့ |

အသေးစိတ်သိရှိလိုပါက ၂၀-၅-၂၀၂၂ရက် မှ ၂၆-၅-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း ပဲခူးခရိုင်၊ လမ်းဦးစီးဌာနတွင် လာရောက်စုံစမ်းနိုင် ပါသည်။

ဆက်သွယ်ရမည့် ဖုန်း-၀၉-၇၇၇၉၀၀၃၇၉

**တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/2961 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်း၊ ဦးပိုင်အမှတ်(G-၄၃)၊ ဧရိယာ(၀ဒသမ၀၈၃)ဧက မြေကွက် အား ဦးမျိုးမင်းအောင်က မြေငှားဂရန် လျှောက်ထားမှုအတွက် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၆၈၀/ခ)၊ ဧရိယာ ၀ဒသမ ၀၂၃ဧကရှိမြေကွက်ကို မြေငှားဂရန် လိုင်စင် အမှုတွဲအမှတ် ၃၄-၅/၂၀၀၇-၀၈(အေ)ဖြင့် ဒေါ်ဖုန်းကော် ၁၃/လရန(နိုင်)၀၉၈၈၅၈မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၁၆-၁၁-၂၀၂၀ရက်စွဲပါ စာချုပ်အမှတ် (၄၄၅I/၂၀၂၀)ဖြင့် ဦးထင်ကျင်ကျိုန်း ၁၃/လရန(နိုင်)၁၁၉၁၂၅သို့ ရောင်းချပြီးဖြစ်၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ် ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၆၈၃)၊ ဧရိယာ ၀ဒသမ ၀၆၈ဧကရှိမြေကွက်ကို မြေငှားဂရန်လိုင်စင် အမှုတွဲအမှတ် ၃၃၃-၅/၂၀၀၇-၀၈(အေ)ဖြင့် ဒေါ်ဖုန်းကော် ၁၃/လရန(နိုင်)၀၉၈၈၅၈မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၁၆-၁၁-၂၀၂၀ရက်စွဲပါ စာချုပ်အမှတ် (၄၄၄I/၂၀၂၀)ဖြင့် ဦးထင်ကျင်ကျိုန်း ၁၃/လရန(နိုင်)၁၁၉၁၂၅သို့ ရောင်းချပြီးဖြစ်၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (မန်အိုင်အရှေ့တိုးချဲ့)၊ ဦးပိုင်အမှတ် (၃၆၄)၊ ဧရိယာ ၀ဒသမ ၁၅၅ဧကရှိမြေကွက်ကို ခရိုင်အေး/ချမ်း/ဖြိုးကောင်စီ မြို့မြေနေရာချထားရေးကော်မတီ၊ လားရှိုးမြို့၏ (၂၃-၁၁-၂၀၀၂) ရက်စွဲပါစာအရ မြေပေးမိန့်အမှတ် (၃၆၄/၂၀၀၂)ဖြင့် ဦးထန်ခိုက်လွေ ၁၃/လရန(နိုင်) ၀၉၁၈၁၆သို့ မြေပေးမိန့်ချထားပေးခဲ့ပြီးဖြစ်၍ ၎င်းမှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူလူစုအုပ်စုများက နိုင်ငံတော်ပိုင် အဆောက်အအုံနှင့် တံတားများ မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်



တီးတိန်မြို့ လေးလုမ်းရပ်ကွက်ရှိ မြို့ဝင်ထွက် စစ်ဆေးရေးဂိတ်ရှိ ယာယီရွက်ဖျင်တဲ နှစ်လုံး မီးရှို့ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၉**

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံနှင့် တံတားများအား မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ခြင်းကဲ့သို့သော လုပ်ရပ်များအား နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ၏ သွေးထိုးမှုများအား ယုံကြည်ကာ အမြော်အမြင် အဆင်အခြင်မဲ့စွာဖြင့် ပိုမိုလုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၈ ရက် နံနက် ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျောက်ဖူးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားရှိသော အလျားပေ ၃၀၊

စာမျက်နှာ ၇ ကော်လံ ၁ ◆

## ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင် အခြေအနေများကို စစ်ဆေး**

စာ » ၁၅

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅ ဒသမ ၅ သန်း နီးပါး ရောက်ရှိလာ

စာ » ၁၃

## ၂၀၂၀ နှင့် ၂၀၂၁ တွင် ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထား

**ရန်ကုန် မေ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်မှ ၃၀ ရက်အထိ ပြုလုပ်ရန် စီစဉ်ထားသည်။

အာဆီယံတက္ကသိုလ်ပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရသလို ယခုနှစ်တွင်လည်း ကျင်းပနိုင်ခြင်းမရှိသဖြင့် လာမည့်နှစ်မှသာ ကျင်းပတော့မည်ဖြစ်သည်။ အကြိမ် ၂၀ မြောက်အဖြစ် ကျင်းပမည့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ထိုင်းနိုင်ငံကသာ ဆက်လက်လက်ခံကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❑

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန်အတွက် ရန်ကုန်မြို့တွင်စခန်းသွင်းလေ့ကျင့်လျက်ရှိ

**ရန်ကုန် မေ ၁၉**

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်အတွက် မြန်မာအားကစားအဖွဲ့များအား ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❈



ချယ်ဆီးအသင်းမှ ရူဒီဂါ လက်စတာအသင်းဘက်သို့ ဦးဆောင်ဂိုးသွင်းယူနေမှုကို တွေ့ရစဉ်။

## လက်စတာကို အက်ဖ်အေဖလားရှုံးကြွေး ပြန်ဆပ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ပါ ရှင်သန်လာခဲ့သည့် ချယ်ဆီး

ပရီမီယာလိဂ်ပွဲစဉ် (၃၇) အဖြစ် မေ ၁၉ ရက် နံနက်ပိုင်းက ချယ်ဆီးအသင်းနှင့် လက်စတာအသင်းတို့ စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်ဆီးအသင်းအတွက် ဂိုးများကို ရူဒီဂါ၊ ဂျော်ဂျင်ဟိုတို့က ပွဲချိန် ၄၇ မိနစ်နှင့် ၆၆ မိနစ် တို့တွင် သွင်းယူပေးနိုင်ခဲ့ပြီး လက်စတာအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် အီဟီယာနာချိုက သွင်းယူပေးနိုင်ခဲ့သည်။

ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သည့်အတွက် ပရီမီယာလိဂ် ၃၇ ပွဲကစားပြီး ၆၇ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ လက်စတာအသင်းက ၃၇ ပွဲကစားပြီး ၆၆ မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ❍